ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကျွန်တော်တို့ အမျိုးသားလွှတ်တော် ပထမအကြိမ် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်နေ့ ကျင်းပမယ့်နေ့ရက်ကိုတော့ ကြိုတင်အသိပေး အကြောင်းကြားမှာဖြစ်ပါတယ်။ အဲဒီလို ကျွန်တော်တို့(၂၂)ရက်နေ့မကျင်းပမီမှာ ရပ်နားထားတဲ့ကာလတွေမှာ ကျွန်တော်တို့အစိုးရအဖွဲ့ရုံးက တင်သွင်းထားတဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်ရဲ့ အမျိုးသားစီမံကိန်းဥပဒေကြမ်းနဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးနဲ့ ဥပဒေကြမ်းများ စိစစ်ရေးကိစ္စရပ်များကို ကျွန်တော်တို့ အချိန်ပြည့်ဖိဖိစီးစီးနဲ့ ဆောင်ရွက်ပေးကြဖို့အတွက်ကို ကျွန်တော်တို့ အသိပေး အကြောင်းကြားအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅.၅၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခက်ထိန်နန်၊ ကချင်(၁)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်(၄)၊ ပူးပေါင်းအစည်းအဝေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဒေါ်နော်မေရီးယန်၊ ကယား(၄)၊ ကျန်းမာရေး။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကော်မတီကိစ္စ။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ပူးပေါင်းကော်မတီအစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)၊ အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ပုလဲမြို့သစ်၊ ပုလဲ(၃)ရပ်ကွက်အတွင်းရှိ ပုလဲမြို့သစ်ဈေးအား ခေတ်မီအဆင့်မြင့်ဈေး ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က ရန်ကုန်တိုင်းဒေသကြီး၊ ပုလဲမြို့သစ်၊ ပုလဲ(၃)ရပ်ကွက် အတွင်းရှိ ပုလဲမြို့သစ်ဈေးအား ခေတ်မီ အဆင့်မြင့်ဈေး ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့်တကွ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၃)ရပ်ကွက်အတွင်းမှာ ရှိနေတဲ့ ပုလဲမြို့သစ်ဈေးအား ခေတ်မီအဆင့်မြင့်ဈေး ပြန်လည်ဆောက်လုပ်ပေးနိုင်ဖို့အတွက် တင်ပြခဲ့ခြင်းကိစ္စအပေါ် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၃)ရပ်ကွက်မှာ လွန်ခဲ့တဲ့နှစ်(၂၀)ကျော် ကာလကနေ မြို့သစ်တည်စကပင် ပုလဲမြို့သစ် ဈေးကြီးအဖြစ်နဲ့ယနေ့တိုင်ရှိနေပါတယ်။ အဆိုပါ ပုလဲမြို့သစ်ဈေးကြီးဟာ အမှတ်(၃)လမ်းမကြီးပေါ်မှာ တည်ရှိနေပြီးတော့ အမှတ်(၃)လမ်းမကြီးဟာလည်း မိမိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အနေနဲ့ လွှတ်တော်တွင် ကြိုးပမ်းဆောင်ရွက်ချက်အရ အခုအခါမှာ (၄)လမ်းသွား (၉)မိုင်၊ (၂)ဖာလုံရှိတဲ့ ကတ္တရာလမ်းမကြီးခင်းပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ နိုင်ငံတော်က BOT စနစ်နဲ့ ဆောက်လုပ်နေတဲ့ လမ်းမကြီးဖြစ်တဲ့အတွက်လည်း မိမိရဲ့ဒေသခံပြည်သူတို့၏ ဆက်လက်ကြိုးပမ်းချက်အရ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ မကြာမီမှာ(၆)လမ်းသွား ကတ္တရာလမ်းမကြီးအဖြစ် တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းမကြီးတစ်လျှောက်မှာ ညအလင်းရောင်အတွက် လျှပ်စီးမီးများထွန်းညှိခြင်း လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဆိုပါ အမှတ်(၃)လမ်းမကြီးအပေါ်မှာ မင်္ဂလာဒုံမြို့နယ် ရုံးပေါင်းစုံ၊ မြို့နယ်ဆေးရုံကြီး၊ တပ်ရင်းတပ်ဖွဲ့များနှင့်တကွ ဆီဆိုင်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အခြေခံပညာ အထက်/ အလယ်/ မူကျောင်းများနှင့်တကွ မြို့တွင်းမြို့ပြင်ခရီးသည်တင် ကုန်တင်ကားကြီးများ၊ အဝေးပြေးကားကြီးများနှင့် တစ်နေ့တစ်ခြား စည်ကားတိုးတက်လျက် ရှိနေတဲ့နေရာမှာ ပုလဲမြို့သစ်ဈေးကြီးဟာ လမ်းဆုံလမ်းမ အလွန်အချက်အချာကျတဲ့ မြို့လယ်မှာ တည်ရှိနေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုလဲမြို့သစ်ဈေးကြီးမှာ လွန်ခဲ့တဲ့အနှစ်(၂၀)ကျော်ကာလ မြို့သစ်တည်စကပင် ပေါ်ထွန်းခဲ့သည်မှာ မှန်သော်လည်း တပ်မြို့ စည်ပင်ဈေးလိုလို၊ မြို့တော် စည်ပင်ဈေးလိုလို၊ အဲဒီလိုတာဝန်ရှိသူ အဆင့်ဆင့်တို့ရဲ့ ကြပ်မတ်ကွပ်ကဲမှု အားနည်းခဲ့တဲ့အတွက်ကြောင့် မူလဈေးမြေ ပိုင်ဆိုင်မှုဟာလည်း တစ်နေ့တခြား လျော့နည်းလာကာ ပုဂ္ဂလိကတစ်ဦးချင်း ခွဲခြမ်းစိတ်ဖြာ လွတ်လပ်စွာ ရယူပိုင်ခွင့်များဖြင့် နေချင်သလိုနေ၊ ထားချင်သလိုထား၊ နိုင်ငံ့ဘဏ္ဍာ တစ်ပြားတစ်ချပ်မျှ မရရှိဘဲ လျစ်လျူရှုထားသည့် ပုံကျဈေးအဖြစ် ခွင့်ပြုထားသကဲ့သို့ ရှိနေသည်မှာ နှစ်ရှည်လများ ရောင်းဝယ်ဖောက်ကား

နေထိုင်ကြသူများ အပြစ်ဆိုဖွယ်ရာမရှိ၊ တာဝန်ရှိသူအဆင့်ဆင့်တို့၏ တာဝန်ပျက်ကွက်နေမှု အဖြစ်သာလျှင် ဒေသခံပြည်သူတို့က ရှုမြင်သုံးသပ်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုလဲမြို့သစ်ဈေးကြီးကိစ္စနှင့် စပ်လျဉ်းပြီးတော့ ဒေသအကျိုးစီးပွား ဖွံ့ဖြိုး တိုးတက်မှုများ လိုလားကြတဲ့ ဒေသခံမိဘပြည်သူတွေဟာ အကြိမ်ကြိမ် မိမိထံတင်ပြလာခဲ့တဲ့အတွက် ကြောင့် ၉-၅-၂၀၁၅ ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဝန်ကြီး၊ မြို့တော်ဝန်၊ ဌာနမှူး၊ ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

**ဥက္ကဋ္ဌ။** ။ လိုရင်းကိုမေးပါ။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဈေးများဌာနသို့လည်း ကိုယ်တိုင် တင်ပြပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပုလဲမြို့သစ်ဈေးကြီးမှာ တာဝန်ပေးခြင်းနဲ့ ပတ်သက်ပြီးတော့ လိုအပ်သလို ညှိနှိုင်းပြီးတော့ လက်ရှိရောင်းချနေတဲ့ နစ်နာသူများ မရှိအောင် ဆောင်ရွက်ပေးဖို့အတွက် အစီအမံများ ဆောင်ရွက်ပေးသင့်သည့် အချိန်အခါမျိုးဖြစ်ပါတယ်။

သို့ပါ၍ သက်ဆိုင်ရာ ဝန်ကြီးဌာန အစိုးရအဖွဲ့အနေနဲ့ (က) ပုလဲမြို့သစ်ဈေးကြီး ဖြစ်ထွန်း ပေါ်ပေါက်ရေး၊ မိမိတင်ပြခဲ့ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ (ခ) ဈေးဆိုင် မူလမြေအား အမြန်ကွင်းဆင်းစိစစ်၍ စိစစ်ချက်အရ ဈေးဧရိယာပိုင်မြေ အကျယ်အဝန်း မည်ရွေ့မည်မျှ သတ်မှတ် တည်ရှိနေသေးသည်၊ (ဂ) အဆိုပါဈေးမှာ မည်သည့်အဖွဲ့အစည်းအောက်တွင် တည်ရှိနေသည်ကို တည်ရှိ နေကြောင်းနှင့် နှစ်စဉ်နိုင်ငံ့ဘဏ္ဍာငွေ မည်၍မည်မျှရရှိနေသည်၊ (ဃ) လက်ရှိ ပိုင်ဆိုင်ရောင်းဝယ်နေကြ သူများအား နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအမံနှင့် အစီအစဉ်၊ (င) ပုလဲမြို့သစ် ဈေးကြီးအားခေတ်မီ အဆင့်မြင့်ဈေးကြီး ပြန်လည်တည်ဆောက်ပေးနိုင်မည့် အစီအစဉ်နဲ့ အချိန်ကာလတို့ကို ပြန်လည်ဖြေကြားပေးနိုင်ပါရန် ဒေသခံအများပြည်သူ -----

**ချင်းပြည်နယ်၌ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှုနှင့်ကြုံတွေ့ နေရသော အိမ်ထောင်စုများအတွက် ဖလမ်းမြို့နယ်၊ ဝေဘူလအုပ်စု၊ ကင်မွန်းချောင်းကျေးရွာအနီးတွင် စံပြကျေးရွာတစ်ခု တည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ချင်း ပြည်နယ်၌ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှုနှင့် ကြုံတွေ့နေ ရသော အိမ်ထောင်စုများအတွက် ဖလမ်းမြို့နယ်၊ ဝေဘူလအုပ်စု၊ ကင်မွန်းချောင်းကျေးရွာအနီးတွင် စံပြ ကျေးရွာတစ်ခု တည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ရှိသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးတက် ရောက်ကြသူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ထာဝစဉ်ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဖော်ပြပါဒေသကို ကျွန်တော် ရွေးချယ်ရခြင်းမှာ အဲဒီဒေသသည် မီးပျက်လျက်ရှိပြီး သောက်ရေသုံးရေသွယ်ယူရတဲ့နေရာမှာလည်း လွယ်ကူတဲ့နေရာမှာ ဖြစ်ပါတယ်။

အဲဒီနေရာမှာ မိုးတွင်းအခါ ရေကြီးရေလျှံမှုလည်း မစိုးရိမ်ရတဲ့ နေရာလည်းဖြစ်ပါတယ်။ နောက် သွားရေးလာရေးဆိုရင်လည်းပဲ ကလေးမြို့နဲ့ (၁၀)မိုင်လောက် ဝေးပါတယ်။ နောက် ကလေးတက္ကသိုလ် နဲ့လည်း (၅)မိုင်လောက်ဝေးပြီးမှ ကလေးနည်းပညာတက္ကသိုလ်နဲ့လည်း (၄)မိုင်လောက်ပဲ ဝေးပါတယ်။ နောက်ကျွန်တော်တို့ စားရေးသောက်ရေးဆိုရင်လည်းပဲ ကလေးမြို့နယ်ဟာ ချင်းပြည်နယ်ရဲ့ စပါးကျီ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အောက်ခြေဆင်းပြီးမှ အဲဒီ ဆန်၊ စပါးတွေလည်း အလွယ်တကူ ဝယ်ယူရရှိ နိုင်တဲ့နေရာဖြစ်ပါတယ်။ အဲဒါကြောင့် အဲဒီနေရာကို စံပြကျေးရွာအဖြစ် သတ်မှတ်ပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခု ချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည် တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးနုရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြား သွားမှာလည်း ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ အမှတ်(၃)လမ်းမကြီးပေါ်ရှိ ပုလဲမြို့သစ်ဈေးမှာ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနကွပ်ကဲမှုအောက် ဈေးမဟုတ်ဘဲ ၁၀-၅-၁၉၉၂ ခုနှစ် တွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ မင်္ဂလာဒုံမြို့နယ်မှ တာဝန်ယူ၍ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့သောဈေးဖြစ်ပြီး (၈)ပေ(၆)ပေတစ်ခန်းလျှင် (၁၅၀၀၀)ကျပ်နှုန်းဖြင့် ပေးသွင်းစေ၍ မဲနှိုက် နေရာချထားပေးခဲ့သော ဈေးဖြစ်ပါတယ်။ အဆိုပါဈေးအား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့် သန့်ရှင်းရေးအခွန်မှလွဲ၍ ကျန်အခွန်အခများ ကောက်ခံခြင်းမရှိဘဲ ဈေးရှိ ဦးကျော်ညွန့် အပါအဝင် ဈေးလူကြီး(၅)ဦးမှ စီမံအုပ်ချုပ်လျက်ရှိသော ဈေးဖြစ်ပြီး၊ မြေပိုင်ဆိုင်မှု အနေဖြင့်လည်း လမ်းမြေပေါ်တွင် တည်ရှိနေသော ဈေးတစ်ဈေးဖြစ်၍ ခေတ်မီဈေး တစ်ဈေး အဖြစ် လောလောဆယ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ် ခင်ဗျား။

ဆက်လက်၍ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း၏ မေးမြန်းချက်နဲ့ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစား စွာဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ် ခင်ဗျား။

၂၀၁၅ခုနှစ် ဇူလိုင်လနဲ့ ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖလမ်းမြို့နယ်အတွင်း ရပ်ကွက်(၃) ရပ်ကွက်၊ ကျေးရွာ(၁၄)ရွာများတွင် မြေပြိုအက်မှုများ ဖြစ်ပွားခဲ့ပါတယ်။ ဖလမ်းမြို့ပေါ် ရပ်ကွက်(၃)ရပ်ကွက်အတွင်းရှိ လုံးဝပြိုကျပျက်စီးနေသည့် နေအိမ်(၅)လုံးရှိပြီး၊ အန္တရာယ်ရှိ ပြောင်းရွှေ့ရမယ့် အိမ်(၁၂)အိမ်၊ စုစုပေါင်းနေအိမ်(၁၇)အိမ်အတွက် နေအိမ်များ ပြန်လည်တည်ဆောက် ပေးနိုင်ရန် ကျင်မွာလ်ရပ်ကွက်အတွင်းရှိ မြေလပ်နေရာတွင် လမ်းဖောက်လုပ်၍ မြေနေရာများလျာထား ဆောင်ရွက် လျက်ရှိကြောင်းနှင့် အန္တရာယ်ရှိ၍ နေအိမ်များပြောင်းရွှေ့ရမည့် ကျေးရွာ (၁၂)ရွာအတွင်းရှိ လူနေအိမ် (၉၅)လုံးအနက် မိမိကျေးရွာအတွင်း၌ လူနေအိမ် (၂၅)လုံးအား ဆောက်လုပ်ပြီးစီးပြီး ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရန် ကျန်ရှိသည့် နေအိမ်(၇၀)လုံးအား မိမိကျေးရွာအတွင်းရှိ မြေလပ်နေရာတွင် ပြန်လည် ဆောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်းနှင့် ဖလမ်းမြို့နယ်၊ ဝေဘူလအုပ်စု၊ ကင်မွန်းချောင်ကျေးရွာ အနီး တွင် စံပြကျေးရွာတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်မရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် ယခုအခါ မောင်းသူမဲ့လေယာဉ်/ ရဟတ်ယာဉ် (DRONES)များကို စနစ်တကျ တရားဝင် အသုံးပြုခွင့် မှတ်ပုံတင်ခြင်း (REGISTRY) လုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် မြေပြင်မှ ထိန်းချုပ်မောင်းနှင် သူများ၏ ကျွမ်းကျင်မှု ရှိ/မရှိ စိစစ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။**　　။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် က မြန်မာနိုင်ငံတွင် ယခုအခါ မောင်းသူမဲ့ လေယာဉ်/ ရဟတ်ယာဉ် (DRONES)များကို စနစ်တကျ တရားဝင် အသုံးပြုခွင့် မှတ်ပုံတင်ခြင်းလုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် မြေပြင်မှ ထိန်းချုပ်မောင်းနှင် သူများ၏ ကျွမ်းကျင်မှု ရှိ/မရှိ စိစစ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပြီးတော့ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံတွင် ယခုအခါ မောင်းသူမဲ့ လေယာဉ်/ရဟတ်ယာဉ် (DRONES) များကို စနစ်တကျတရားဝင် အသုံးပြုခွင့် မှတ်ပုံတင် ခြင်း (REGISTRY) ပြုလုပ်ခြင်း၊ အစီအစဉ် ရှိ/မရှိနှင့် မြေပြင်မှ ထိန်းချုပ်မောင်းနှင်သူများ၏ ကျွမ်းကျင်မှု ရှိ/မရှိ စိစစ်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာ အသုံးအနှုန်း အနည်းငယ်နဲ့ အချိန်အနည်းငယ်များကျော်ရင် ခွင့်ပြုပေးပါလို့ ပန်ကြားအပ်ပါတယ် ခင်ဗျား။ ယခုအခါ မြန်မာနိုင်ငံမှာ နိုင်ငံခြားက တင်သွင်းလို့ဖြစ်စေ၊ ပြည်တွင်းက ထုတ်လုပ်လို့ ဖြစ်စေ၊ (DRONES)တွေ၊ (DRONES)ဆိုတာကတော့ မောင်းသူမဲ့ လေယာဉ် ပေါ့၊ ကျွန်တော်တို့ အခုဆိုတွေ့ပါလိမ့်မယ် ကင်မရာတင်ပြီးတော့ လိုက်ရိုက်တာ၊ ပေါပြောပွဲတွေမှာ တချို့ဆို မင်္ဂလာဆောင်တွေမှာတောင် ရိုက်နေတယ်။ နောက် မီဒီယာတွေလည်း သုံးနေပါတယ်။ အဲဒါ တွေကို ကျွန်တော်တို့တွေ့နေရတယ်။ အဲဒါကလူသားအကျိုးပြုလုပ်ငန်းတွေဖြစ်ပါတယ်။ ကောင်းပါတယ်။ Slide One ပါ။ အဲဒီတော့ ကျွန်တော်တို့ Slide 2 အဲဒီဟာတွေက ဘာတွေလည်းဆိုတော့ မီဒီယာလုပ်ငန်း၊

ဗီဒီယိုလုပ်ငန်း၊ ရာသီဥတု၊ စိုက်ပျိုးရေး၊ လမ်းပိတ်ဆို့ရင် စောင့်ကြည့်လို့ရတဲ့ သုတေသနလုပ်ငန်းတွေ လုပ်လို့ရတယ်။ ကာကွယ်ရေးမှာလည်းလုပ်လို့ရတယ်။ ကယ်ဆယ်ရေးနဲ့ ပြန်လည်တည်ဆောက်ရေး မှာလည်း လုပ်လို့ရတယ်။ ကောင်းကင်မြေ တိုင်းလုပ်လို့ရတယ်။ ဓာတ်ပုံမှတ်တမ်းတွေလည်းလုပ်လို့ ရပါတယ်။ အဲဒီလိုရပေမယ့်လို့ ကျွန်တော်တို့ ဒီဥစ္စာကအန္တရာယ်လည်း ရှိနိုင်ပါတယ်။ မသုံးတတ်ရင် ပေါ့လေ။ ကျွန်တော်တို့ အထူးသဖြင့် ဒီ(DRONES)တွေကို စနစ်တကျ မှတ်ပုံတင်ထားခြင်းမရှိရင်၊ မောင်းတဲ့လူ မကျွမ်းကျင်လို့ရှိရင် ကျွန်တော်တို့ မင်္ဂလာဆောင်တွေမှာ လိုက်ရိုက်ရင်းနဲ့ မင်္ဂလာဆောင်က လူတွေပေါ်ကို ပြုတ်ကျနိုင်တယ်။ ပန်းခြံထဲမှာ လွှတ်နေလို့ရှိရင် ပန်းခြံထဲမှာ လျှောက်ပြီးတော့ ကစား နေတဲ့ ကလေးတွေအပေါ် ပြုတ်ကျနိုင်ပါတယ်ခင်ဗျား။

အထူးသဖြင့် လေယာဉ်ကွင်းနားမှာ လေယာဉ်ကွင်းနားမှာ (DRONES)ကို အမြင့်ကို တင်လိုက် လို့ရှိရင် သူတို့ကလည်း ပေထောင်ကျော်ထိတက်လို့ရတယ်။ အဲဒီမှာ လေယာဉ်အတက်အဆင်းနဲ့ ဝင် တိုက်မိလို့ရှိရင် အင်မတန် ဒုက္ခရောက်ပြီးတော့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ Image ပေါ့လေ။ Tourism တစ်ခုလုံး ကျသွားနိုင်ပါတယ်။ နောက်တစ်ခါ အင်ဂျင်ထဲကိုလည်း ဝင်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥစ္စာကအင်မတန်မှ သတိထားရမယ့်ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်ပြောချင်တာကတော့ ပိတ်ပင်ဖို့ မဟုတ်ပါဘူး။ ဒီလို လူသားအကျိုးပြုလုပ်ငန်းတွေ လုပ်နိုင်တဲ့အတွက်ကြောင့် ဒါကိုအားပေးရမယ်။

နောက်တစ်ခါ ဥက္ကဋ္ဌကြီးခင်ဗျား။ Research တွေအတွက်လည်း အင်မတန်ကောင်းပါတယ်။ ကျွန်တော်တို့ မိတ္ထီလာမှာရှိတဲ့ လေကြောင်းတက္ကသိုလ်ကလည်း Research လုပ်ပြီးတော့ ဟိုတစ်လော ကဆိုရင် ကျွန်တော်တို့ ကလေးရေဘေးမှာ လိုက်ပြီးတော့ ရိုက်တာတွေ့ရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်ပြချင်တာကတော့ တခြားမဟုတ်ပါဘူး။ ဒီ (DRONES)ရဲ့ လေယာဉ်နဲ့ တိုက်မိတဲ့ ဥစ္စာလေး၊ ဒီဥစ္စာ လေယာဉ်ပျံပေါ်ကနေပြီးတော့ ခရီးသည်တစ်ယောက်က ရိုက်ထားတာ။ သူကအမှတ်တမဲ့နဲ့ ရိုက် နေရင်းနဲ့ (DRONES)က ဘယ်ဘက်ကနေပြီးတော့ မြန်တယ်။ သိပ်မတွေ့လိုက်ရဘူး။ အဲဒါဖြတ်လာပြီး တော့ တောင်ပံကို ဖြတ်တိုက်သွားတာ၊ အဲဒါကို ကျွန်တော်တို့ရိုက်မိလိုက်တယ်။ အဲဒီမှာ (DRONES)လာပြီ၊ တိုက်မိသွားပြီ၊ အဲဒီတော့ အဲဒါ လေယာဉ်အဆင်းမှာဖြစ်တာ။ ကံကောင်းလို့ အဲ့ဒီတုန်းကတော့ လေယာဉ်ပျက်မကျခဲ့ဘူး၊ နောက်တစ်ခုက ဒီကောင်ကတော့ USA (ကန်နက်တစ်ကတ်)မှာရှိတဲ့ (၁၈) နှစ်သားလေးက (DRONES) ကိုလည်းထွင်တယ်။ နောက်တစ်ခါ အဲဒီမှာသေနတ်တပ်ဆင်တယ်။ သူက ပြောင်းတိုသေနတ် တပ်ပြီးတော့ ပစ်တယ်။ အဲဒီဥစ္စာဆိုရင် ဒါအင်မတန်မှ အန္တရာယ်ကြီးပါတယ်၊ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးမြန်း ချင်တာကတော့ မြန်မာနိုင်ငံမှာယခုအခါ မောင်းသူမဲ့ လေယာဉ်၊ ရဟတ်ယာဉ် (DRONES) တွေကို တရားဝင်မှတ်ပုံတင် (Registry) လုပ်ဖို့ပါ။ ပိတ်ပင်ဖို့မဟုတ်ပါဘူး ခင်ဗျား။ မီဒီယာလုပ်ငန်းအတွက် အထူးသဖြင့် လိုပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ အစီအစဉ်ရှိ/မရှိ ဖြေကြားပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ရဲ့ မေးခွန်းကို ကျွန်တော် ဒုတိယဝန်ကြီး ဦးဇင်ယော် ပို့ဆောင်ရေး ဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် မောင်းသူမဲ့ လေယာဉ်၊ ရဟတ်ယာဉ် (DRONES)များကို နိုင်ငံခြားမှ တင်သွင်း၍သော်လည်းကောင်း၊ ပြည်တွင်း၌ တပ်ဆင်၍ သော်လည်းကောင်း၊ အသုံးပြုမှုများ ရှိလာတဲ့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် အများပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ လိုအပ်သော လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီး ဌာန အနေဖြင့် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်မှ ထုတ်ပြန်ထားရှိသော လုပ်ထုံးလုပ်နည်း စံများနှင့်အညီ အာရှနှင့်ဥရောပနိုင်ငံများ၏ လုပ်ထုံးလုပ်နည်း နမူနာပုံစံများကို လေ့လာခြင်းဖြင့် လည်းကောင်း၊ ကျွမ်းကျင်သူများဖြင့် ညှိနှိုင်းခြင်းဖြင့် သော်လည်းကောင်း၊ လက်ရှိအသုံးပြုနေသော အပျော်တမ်းကလပ်များမှ အတွေ့အကြုံနဲ့အကြံဉာဏ်များ ရယူခြင်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ လေယာဉ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မသွေဖယ်စေဘဲ မောင်းသူမဲ့ လေယာဉ်၊ ရဟတ်ယာဉ်များ၏ အလေးချိန်နှင့် စွမ်းဆောင်နိုင်မှုအပေါ် အခြေခံ၍ အတန်းအစား ခွဲခြားသတ်မှတ်ပြီး စနစ်တကျ မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်း အသုံးပြုခွင့် လက်မှတ်ထုတ်ပေးခြင်း၊ မြေပြင်မှ ထိန်းချုပ် မောင်းနှင် သူများစိစစ်ခြင်း၊ အထူးသဖြင့် လေယာဉ်ကွင်းများအနီး၌ လေယာဉ် အတက်အဆင်းလမ်းကြောင်းများ တစ်လျှောက်ပျံသန်းအသုံးပြုပါက လေယာဉ်များနှင့် မတော်တဆတိုက်ခိုက်ခြင်းများ ဖြစ်နိုင်ပြီး လေယာဉ် ပျက်ကျသည်အထိ အန္တရာယ်ရှိနိုင်သည့်အတွက် မပျံသန်းရေးဇုန် ကန့်သတ်ခြင်း စသည်များအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများအား Advisory Circular အဖြစ်ထုတ်ပြန်ရန် ဆောင်ရွက်လျက် ရှိပါတယ်။

မောင်းသူမဲ့ လေယာဉ်၊ ရဟတ်ယာဉ်များအား ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း၊ ရာသီဥတုနဲ့ ဘေးအန္တရာယ် လေ့လာရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ တံတားနှင့် အထပ်မြင့် အဆောက်အဦများ၏ ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်း၊ လမ်းပိတ်ဆို့မှု စောင့်ကြည့်ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်း၊ ကာကွယ်ရေး လုပ်ငန်းစသဖြင့် လူသား အကျိုးပြုလုပ်ငန်းများမှာ အသုံးဝင်သကဲ့သို့ အကြမ်းဖက်လုပ်ငန်းများတွင်လည်း အသုံးပြုလာနိုင်သည်ဖြစ်တဲ့အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်း များ ထုတ်ပြန်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် ဟိုတယ်နှင့် ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနစသည့် သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ်များပျံသန်း ဆောင်ရွက်ရာတွင်လည်း လိုက်နာရမည့် တားမြစ်ဇရိယာ၊ ကန့်သတ်ဇရိယာ၊ အန္တရာယ်ရှိသည့်ဇရိယာ

များတွင် ပျံသန်းခြင်းမပြုရေး လိုက်နာဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းများ၏ ပျံသန်းရေးနယ်မြေများအတွင်း ဝင်ရောက်ပျံသန်းခြင်းမပြုရန်၊ ပျံသန်းရေးနယ်မြေများအတွင်း ဝင်ရောက် ပျံသန်းမည်ဆိုပါက ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ)ထံမှ ခွင့်ပြုချက်ရရှိပြီး သက်ဆိုင်ရာ လေတပ်စခန်းဌာနချုပ်များနှင့် ညှိနှိုင်းဆွေးနွေးပြီးမှ ပျံသန်းရန် လိုအပ်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် မောင်းသူမဲ့လေယာဉ်/ ရဟတ်ယာဉ်များကို အလေးချိန်နှင့် စွမ်းဆောင်နိုင်မှုအပေါ် မူတည်၍ အတန်းအစားခွဲခြား သတ်မှတ်၍ စနစ်တကျမှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်း အသုံးပြုခွင့် လက်မှတ်ထုတ်ပေးခြင်း၊ မြေပြင်မှထိန်းချုပ် မောင်းနှင်သူများအား စိစစ်ခြင်းများအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများအား ပို့ဆောင်ရေး ဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ Advisory Circular အဖြစ် ထုတ်ပြန်ရန် စီမံဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးနိုင်ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးနိုင်ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးမြင့်ထွန်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ဒုတိယဝန်ကြီးတို့ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)က ဦးမြင့်ထွန်း ဖြစ်ပါတယ်။ လယ်သမားတွေရဲ့တောင်းဆိုချက်အရ သူတို့ဘဝတွေမြင့်မားဖို့ အခုလို အဆိုတင်သွင်းရတာ ဖြစ်ပါတယ်။ သူတို့ဘဝတွေ နိမ့်ကျနေရတဲ့ အဓိကအချက်ကတော့ စပါးဈေးကွက်၊ ဆန်ဈေးကွက် အနှိမ်ခံရတယ်လို့ သူတို့သုံးသပ်တာ တွေ့ရပါတယ်။ အထောက်အထားနဲ့ ပြရမယ် ဆိုရင်တော့ ဒီ မလေးရှားနိုင်ငံမှာ သုခလို ဆန်ပိဿာ (၃၀)လောက်လေးတဲ့ အိတ်တစ်အိတ်ဟာ မြန်မာငွေနဲ့ ပေါက်ဈေး(၄၀၀၀၀) ကျပ်ရှိပါတယ်။ အဲ့ဒီဆန်အိတ်ဟာ ကျွန်တော်တို့ဆီမှာ (၂၆၀၀၀)နဲ့ (၂၈၀၀၀)ကျပ်ပဲရှိပါတယ်။ ဒီလိုပဲ သုခဆန်အသစ်ဆိုလည်း ကျွန်တော်တို့ဆီမှာ (၂၀၀၀၀)နဲ့ (၂၂၀၀၀)ပဲရှိပါတယ်။ မလေးရှားနိုင်ငံက ဆန်ဈေးဟာ စပါး (၁၀၀)ပေါက်ဈေးကို မြန်မာငွေ(၈)သိန်းနဲ့ (၁၀)သိန်းကြားမှာရှိပါတယ်။ ကျွန်တော်ဆီမှာ ပေါက်ဈေး(၅)သိန်း ဝန်းကျင်ပဲရှိပါတယ်။

နေပြည်တော် တစ်ဝိုက်က စိုက်ကွင်းတွေနဲ့ တခြားကားလမ်းမကြီးတွေရဲ့ ဘေးနားက လယ်ကွင်းတွေမှာ ကုမ္ပဏီကြီးတွေက စက်ကြီးတွေနဲ့ လုပ်ပေးကြလို့ (၁)ဧက တင်း(၁၅၀) (၂၀၀)အထိ ထွက်တယ်ဆိုတာတွေနဲ့ နှိုင်းယှဉ်ပြီး ဆိုလို့ရှိရင် အမြတ်ကိုတွက်မယ် ဆိုရင်တော့ လယ်သမားတွေ အဆင်ပြေနေပြီလို့ ထင်သွားနိုင်ပါတယ်။ ဒါတွေဟာလည်းတွက်ချက်ရင် မှားသွားနိုင်ပါတယ်။ တကယ့်လက်တွေ့မှာ မိုးစပါး တစ်ဧကကို တင်း(၅၀)၊ (၆၀)၊ (၆၅)၊ (၇၀) ပတ်ဝန်းကျင်ပဲ ထွက်တာ ဖြစ်ပါတယ်။ အဲ့ဒီတော့ အဆင်ပြေနိုင်၊ မပြေနိုင် ကျွန်တော်တွက်ချက်ကြည့်ပါ့မယ်။ အဲဒီတော့ (၁၀)ဧကနဲ့တွက်ကြရအောင်ပါ။ ကျွန်တော်တို့ (၁)ဧက (၆၅)တင်းထွက်တယ် ဆိုပါတော့။ (၁၀)ဧကဆိုရင် စပါးတင်း (၆၅၀)ရမှာဖြစ်ပါတယ်။ Power Point မှာ ကြည့်လို့ရှိရင် မျိုးစပါး (၁)ဧက (၂)တင်းနှုန်း (၁၀)ဧက တင်း(၂၀)ကို (၇၀၀၀)ကျပ်နှုန်းနဲ့ မြှောက်လိုက်ရင် (၁၄၀၀၀၀)၊ လယ်ထွန်ခ (၁)ဧကကျပ် (၃၅၀၀၀)၊ (၁၀)ဧက (၃၅၀၀၀၀)၊ ကောက်စိုက်ခ တစ်ဧကကျပ်(၂၅၀၀၀)၊(၁၀)ဧက (၂၅၀၀၀၀)။ ပိုးနှိမ်ခ တစ်ဧက(၁၀၀၀၀) (၁၀)ဧက၊ (၁၀၀၀၀၀)၊ မြေဆီဖိုး တစ်ဧကကျပ် (၄၀၀၀၀)၊ (၁၀)ဧက (၄၀၀၀၀၀)၊ ကောက်ရိတ်ခ တစ်ဧကကျပ် (၄၅၀၀၀)၊ (၁၀)ဧက (၄၅၀၀၀၀)၊ ရိတ်ပြီးစပါး တစ်ဧက၊ အိမ်အရောက်သယ်ခ ကျပ်(၁၀၀၀၀)၊ (၁၀)ဧက (၁၀၀၀၀၀)။ ဒါကြောင့်မို့လို့ စုစုပေါင်း ကုန်ကျစရိတ်ဟာ (၁၇၉၀၀၀၀)ကျမှာဖြစ်ပါတယ်။

အဲဒီတော့ တစ်ဧကကို တွက်လိုက်မယ် ဆိုလို့ရှိရင် (၁၇၉၀၀၀) ဒါအနည်းဆုံးနဲ့ ကျွန်တော်တို့ တွက်ထားတာ ဖြစ်ပါတယ်။နိုင်ငံတော်က ချေးပေးတဲ့ တစ်သိန်းဟာ နည်းပါးနေပြီးတော့မှ အနည်းဆုံး တစ်သိန်းခွဲ လောက်ချေးပေးဖို့ သူတို့တောင်းဆိုကြတာဖြစ်ပါတယ်။ ဒီကုန်ကျစရိတ်ထဲမှာ ကျွန်တော်တို့ ထည့်မတွက်တာကတော့ ငွေရှင်တွေဆီက ငွေယူပြီးတော့ အတိုးတွေပေးရတာ ကျွန်တော်တို့ ထည့်မတွက်သေးပါဘူး။ အဲဒီတော့ အမြတ်ကို ကျွန်တော်တို့ ထပ်တွက်ကြည့်ပါ့မယ်။ လယ်တစ်ဧက (၆၅)တင်းနှုန်းနဲ့ လယ် (၁၀)ဧကအတွက် တင်း(၆၅၀) ထွက်ရင် တစ်တင်းကို ကျပ်(၅၀၀၀)နှုန်းနဲ့ ရောင်းရမယ်ဆိုရင် တင်း(၆၅၀)အတွက် (၃၂၅၀၀၀၀)သိန်းရရှိမှာ ဖြစ်ပါတယ်။ အဲဒီတော့ ခုနက ကျွန်တော်တို့ ကုန်ကျစရိတ် (၁၇၉၀၀၀၀)က နုတ်လိုက်လို့ရှိရင် အမြတ်က(၁၄၆၀၀၀၀) ဒါ တစ်နှစ်လုံးအတွက် ကျန်ပါမယ်။ တစ်လဆိုရင်တော့ (၁.၂)သိန်းလောက်ပဲ (၁၀၀၀၀၀)ကျော်ကျော်လောက် စွန်းစွန်းပဲရှိပါတယ်။ အဲဒီတော့ နိုဝင်ဘာလ ၁၂ ရက်နေ့ ပြီးခဲ့တဲ့ နိုဝင်ဘာလကပါ။ စပါးဈေး (၅)သိန်းပဲရှိပါတယ်။ ၂၀၁၃-၂၀၁၄မှာ (၃၈၀၀၀၀)၊ (၄၀၀၀၀၀)ဈေး အလွန်ဆုံးရောင်းရတယ်ဆိုတော့ တွက်ကြည့်ရင် လယ်သမားတွေအတွက် နစ်နာတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအမြတ်ထဲက ခုနကတွက်ပြတဲ့ လယ်စရိတ် မလောက်လို့ဘေးက ချေးတဲ့ ငွေရင်းအတွက် အတိုး၊ ကလေးတွေ ကျောင်းစရိတ်၊ သာရေးနာရေးစရိတ် တွေရှိပါသေးတယ်။ တက္ကသိုလ်ကျောင်းသားရှိရင်တော့ လယ်ပြုတ်မှာဖြစ်ပါတယ်။ တက္ကသိုလ် ကျောင်းသားတစ်ယောက်ကို တစ်လ တစ်သိန်းခွဲနဲ့ (၁၀)လဆိုရင် (၁၅)သိန်းကုန်ကျပါမယ်။

ဒါကြောင့် လယ်(၁၀) ဧကလုပ်တဲ့သူ ဘယ်လိုမှ ပြေလည်နိုင်မှာ မဟုတ်ပါဘူးခင်ဗျား။ (၃)၊ (၄)ဧကထဲ ဆိုရင်တော့ ပိုဆိုးမှာဖြစ်ပါတယ်။ ဝန်ထမ်းနဲ့ လက်လုပ်လက်စားတွေ ဒုက္ခရောက်မှာ စိုးရိမ်ပြီးတော့ ဆန်ဈေးတက်လာတာနဲ့ ဈေးကွက်ကို ထိန်းချုပ်တာတွေရှိပါတယ်။ အဲ့ဒါမှားနေတယ်လို့ သုံးသပ်ပါတယ်။ အဲ့ဒါကြောင့် လယ်သမားတွေ တောသူ၊ တောင်သားတွေအများစု ဆင်းရဲနေတာဖြစ်ပါတယ်။ ဒီကြားထဲ ဆန်ကုန်သည်ကြီးတွေက ဈေးကစားကြတာ ရှိပါသေးတယ်။ ချမ်းသာတဲ့ နိုင်ငံတချို့ဆိုရင် ဆန်မထွက်ပါဘူး။ ဘေးနိုင်ငံက ဝယ်စားရတာပါပဲ။ ဆန်ဈေးတက်လာရင် ဝန်ထမ်းတွေ အခက်ခဲတွေ တွေ့နိုင်တယ် ဆိုရင် ပညာရှင်တွေနဲ့ ပေါင်းပြီးတော့မှ ဈေးကွက်ကို ညှိနှိုင်းရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်လုပ်လက်စားတွေတော့ ဒုက္ခမရောက်နိုင်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ရေမြင့်ရင် ကြာမြင့်မှာ ဖြစ်တဲ့အတွက်ကြောင့် လုပ်အားခတွေလည်း အလိုလိုလိုက် တက်လာပါ မယ်။ လက်လုပ်လက်စားတွေ အချိန်နည်းနည်းလုပ်ပြီး လုပ်အားခ မြင့်ရတဲ့အတွက် စားဝတ်နေရေး ပြေလည်မှာဖြစ်ပါတယ်။ အခုတော့ ကျွန်တော်တို့နိုင်ငံဟာ ဆန်စပါးနိုင်ငံဖြစ်ပြီး ဆန်စပါးစိုက်တဲ့ တောင်သူတွေ ဈေးကွက်စီးပွားရေးစနစ် မခံစားရပါဘူး။ အခုလိုဈေးကွက်အနှိမ်ခံနေရတော့ တောင်သူ လယ်သမားတွေ ကျေးကျွန်ဆင်းရဲနေတာ ဖြစ်ပါတယ်။ ဒါတွေက ဈေးကွက်ချုပ်ကိုင်မှုကြောင့် ဖြစ်ရတယ် လို့ ကျွန်တော် တို့ သုံးသပ်ပါတယ်။ ပြည်တွင်း၊ ပြည်ပရောင်းဝယ်မှုတွေ၊ ပိတ်ဆို့မှုတွေ လုပ်တိုင်းလည်း လယ်သမားတွေ ဘဝကိုပိုပြီးတော့ ထိခိုက်စေတာဖြစ်ပါတယ်။ ပြီးတော့ အရန်ဆန်ဝယ်မယ် ဆိုပြန် တော့လည်း ပြည်ပ ထွက်ပေါက်မှန်သမျှ ပိတ်တဲ့အခါမှာလည်း ဈေးကွက်ပိတ်ပါတယ်။ ဆန်ဈေးတက် ရင်လည်း ပြည်ပ ထွက်ပေါက်တွေ ပိတ်လိုက်တဲ့အခါမှာ ဈေးကွက်ပိတ်ပါတယ်။ ဒါဟာသဘာဝ မကျဘူးလို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။

အခုတော့ လယ်ယာမြေတွေထဲမှာ အလုပ်လုပ်မယ့်သူတွေ မရှိတော့ဘဲနဲ့ ထိုင်းတို့၊ မလေးရှား တို့ကိုသွားပြီးတော့ အလုပ်လုပ်ကြရပါတယ်။ နည်းပညာတွေ ဘယ်လောက်တိုးတက်တိုးတက် လယ်သမား တွေ ဆင်းရဲတွင်းထဲကနေ ထွက်နိုင်မယ်လို့ ကျွန်တော်တို့မသုံးသပ်ပါဘူး။ အခုတော့ လယ်သမားအမြတ် က လယ်(၁၀)ဧက တန်ဖိုးရယ်၊ လယ်ထွန်တဲ့ စက်ဖိုးရယ်၊ သွင်းအားစုထည့်ရတဲ့ အရင်းရယ် တွက်မယ် ဆိုရင် တစ်ကျပ်၊ တစ်ကျပ်ခွဲတိုးတောင် မရတာတွေ့ရမှာ ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်သာ အမှန် ထိထိရောက်ရောက် ဖြစ်မယ်ဆိုရင် ဥပဒေနဲ့လည်း လက်တွေ့ညီမယ်ဆိုရင် ငွေချေးပေးဖို့တောင် မလို ပါဘူးလို့ဆိုကြပါတယ်။ တောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေး၊ စောင့်ရှောက်ရေးနဲ့ အကျိုး စီးပွားမြှင့်တင်ရေး နည်းဥပဒေပုဒ်မ ၂၆၊ အရ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ ဈေးကွက်ရဖို့အတွက် အကောင်အထည်ဖော်မှု အားနည်းနေတာကို ကျွန်တော်တွေ့ရပါတယ်။ ဒါလည်း power point မှာ စာတော့နည်းနည်းသေးပါတယ်။ ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူဝါဒတွေ၊ ညွှန်ကြားချက်တွေ သုံးသပ်ရန်လည်းလိုပါကြောင်း တင်ပြလိုပါ တယ်။ လယ်ယာမြေတွေမှာ နှစ်သက်တဲ့ ကိုယ့်သီးနှံ ကိုယ်မစိုက်ရတာတွေ ကိုယ်တိုင်စီမံခန့်ခွဲမှု မပြုလုပ် ရတာတွေ ရှိနေပါသေးတယ်။ ဥပမာ လယ်သမားက တခြားသီးနှံစိုက်မယ်ဆိုရင် မြေစာရင်းကို လျှောက်ရ ပါတယ်။ အဲဒီမှာ မြေစာရင်းကို ဒူးထောက်ရပါတယ်။ ပေးကမ်းရတဲ့အပြင် မျက်နှာငယ်ပြီးတော့မှ ပြောရဆိုရ လာဘ်ထိုးရနဲ့ အတော်လေးကျွန်တော်တို့ စိတ်မကောင်းစရာဖြစ်ပါတယ်။ နောက်တစ်ခုက လယ်ယာကို တခြားနည်းနဲ့ သုံးစွဲခွင့်လျှောက်မယ် ဆိုရင်လည်းပဲ သက်ဆိုင်တဲ့ဌာနအဆင့်ဆင့်ကို ပေးရကမ်းရတာ တွေရှိပါတယ်။ ဌာနဆိုင်ရာအဆင့်ဆင့်အတွက် တစ်ဧကကိုသိန်း (၈၀)နဲ့(၁၀၀)ကြား အထိ ပေးရတယ်လို့ သိရပါတယ်။ ဒါ့ကြောင့်မလိုတဲ့ ဝန်ထမ်းတွေလည်း တဖြည်းဖြည်းလျှော့ဖို့ လိုမယ်လို့ ယူဆပါတယ်။ အစိုးရဆီက ရတဲ့ချေးငွေက မလောက်တော့ ငွေရှင်တွေပဲ အကျိုးရှိတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ စိုက်ပျိုးရေးဘဏ်က ထုတ်တဲ့ညွှန်ကြားချက်တွေကိုလည်း ပြန်လည်သုံးသပ် ရမယ်ထင်ပါတယ်။ ဘဏ်ချေးငွေက (၁၀)ဧကပဲ ချေးမယ်ဆိုတော့ (၁၀)ဧကအထက် လုပ်တဲ့ လယ်သမားတွေဟာ လူ့သဘော သဘာဝအရ နစ်နာမှုမရှိအောင် နည်းမျိုးစုံကြံဆကြပါတယ်။ ဥပမာ ဧက(၅၀)လုပ်တဲ့ လယ်သမားက စိုက်ပျိုးရေးစရိတ်မရှိတော့ ဘဏ်စာအုပ်(၅)အုပ် လုပ်ရပါတယ်။

စာအုပ် (၅)အုပ်လုပ်တော့ လ.ဝ.က ရယ်၊ မြေစာရင်း ရယ်၊ စိုက်/ဘဏ်ဝန်ထမ်းတွေရယ် အကျိုးရှိလာတာ တွေ့ရပါတယ်။ လယ်သမားတွေကတော့ ပေးကမ်းရ၊ အဟောက်ခံရနဲ့ အခက်ခဲတွေများပါတယ်။ လယ်သမားက ဧက(၅၀)အတွက် စရိတ်သွင်းဖို့ သူ့မှာအလုံအလောက်မရှိပါဘူး။ ဒါကြောင့် သက်ဆိုင်တဲ့ ဝန်ကြီးဌာနက ညွှန်ကြားချက်တွေထုတ်ရင် လယ်သမားတွေ ခေါ်ယူဆွေးနွေးညှိနှိုင်းဖို့ မဖြစ်မနေ လိုအပ်ပါမယ်။ လယ်သမားအကြောင်းကို လယ်မလုပ်ဘူးတဲ့ သူတွေက ပြောမယ်ဆိုရင် မှန်နိုင်မယ်မထင်ပါဘူး။ ဒါကလည်း နည်းဥပဒေပုဒ်မ ၃၄၊ အရ ဦးဆောင်အဖွဲ့က အကောင်အထည်ဖော်မှု အားနည်းတာ တွေ့ရပါတယ်။ ဒါလည်း ကျွန်တော်တို့ power point မှာ တင်ပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံစံ(၇)ကိစ္စ တင်ပြလိုပါတယ်။ ဒီသက်တမ်း(၅)နှစ်မှာ ပုံစံ(၇)ကို လယ်သမားတွေအတွက် အကျိုးရှိအောင် လူကြီးတွေက စေတနာနဲ့ လုပ်ခဲ့ပေမယ့် လက်တွေ့ကျတော့ လယ်သမားတွေ အကျိုးမရှိဘဲနဲ့ မြေစာရင်းသာ အကျိုးရှိသွားပါတယ်။ စိုက်/ဘဏ် ချေးငွေထုတ်ရင် ပုံစံ(၇)နဲ့မှ ငွေထုတ်ချေးရမှာဆိုတော့ သိပ်အရေးကြီးသွားပြီ ဖြစ်ပါတယ်။ ပုံစံ(၇)ရဖို့ နည်းမျိုးစုံနဲ့ ချဉ်းကပ်ရပါတယ်။ ပုံစံ(၇)မှာပါတဲ့ စည်းကမ်းချက်တွေကလည်း လယ်သမားတွေအပေါ် ထိန်းချုပ်မှုများ နေပါတယ်။ အဲဒီလို ထိန်းချုပ်လေ လယ်သမားတွေနစ်နာပြီးတော့ သက်ဆိုင်တဲ့ဌာနတွေ အကျိုးရှိပါတယ်။ အချိန်ငဲ့တဲ့အနေနဲ့ ကျွန်တော် ဒီလောက်ပဲပြောပါ့မယ်။ ကျွန်တော်တို့ ပဲခူးတိုင်းမှာ ငွေချေးရင် ပုံစံ(၇) သိမ်းခဲ့တာ ရှိပါတယ်။ အခုတော့ ဖြေလျှော့နေတာတွေ့ရပါပြီ။ သိမ်းတုန်းကတော့တော်တော် လေး ကျွန်တော်တို့ အခက်အခဲတွေ တွေ့ကြုံရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်မြေသြဇာနဲ့ စိုက်ပျိုးရေး ဆေးအမျိုးမျိုးကိစ္စ တင်ပြလိုပါတယ်။ ဒါတွေကလည်း လယ်သမားတွေ အကျိုးရှိတာကနည်းနည်း၊ ကုမ္ပဏီတွေက အကျိုးရှိတာက များများ ဖြစ်နေတယ်လို့ပြောလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဓာတ်မြေသြဇာအိတ်တွေနဲ့ စိုက်ပျိုးရေး ဆေးပုလင်းတွေမှာ ရေးထားတဲ့ပါဝင်မှု ဓာတ်ပေါင်းအချိုးအစားတွေက အပြည့်ပါပဲ။ ဒါပေမဲ့ တကယ့်ပစ္စည်းမှာပါဝင်တဲ့ အချိုးအစားအတိုင်း မပါဘူးလို့ ယူဆနေကြပါတယ်။ လယ်သမားတွေ ကိုယ်တိုင် စမ်းသပ်နိုင်တဲ့ ဓာတ်ခွဲခန်းတွေမရှိလို့ ကုမ္ပဏီတွေက ပိုပြီးအကျိုးရှိဖို့ ဖြစ်သွားကြပါတယ်။ ရေသန့်ဘူးတွေစစ်သလိုစားကုန် တွေစစ်သလို ပစ္စည်းတွေကို ထိထိရောက်ရောက်နဲ့ ရှောင်တစ်ခင် စစ်ဆေးအရေးယူရပါမယ်။ ဒီလိုလုပ်ဖို့ ညွှန်ကြားချက်တွေ မရှိလို့လား၊ ဓာတ်ခွဲခန်းတွေမှာ တိတိကျကျ စစ်ချိန်မရလို့လား၊ စစ်ဖို့မလွယ်လို့လား၊ လူမလောက်လို့လား။ ဒီ မြေသြဇာမကောင်းဘူး ဆိုပြီးဝယ်တဲ့ကုမ္ပဏီတွေကို သွားပြောလို့ရှိရင် ဟုတ်လားဦး၊ ဟုတ်လားအကိုနဲ့ ဒါဒီလောက်နဲ့ပဲ ပြီးသွားတာ ဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာ မြေဆီကိုပါ စမ်းသပ် စစ်ပေးပြီးတော့မှ ဒီမြေဟာ ဘယ်မြေသြဇာနဲ့ ကိုက်ညီမှုရှိတယ် ဆိုတာတွေကို တွက်ချက်ပေးတယ်လို့ လည်းဆိုပါတယ်။ ဒါကြောင့် တာဝန်ခံမှု၊ တာဝန်ယူမှုတွေ တိတိကျကျလိုပါတယ်။ လယ်သမားတွေအနေနဲ့ ရန်ကုန်မှာရှိတဲ့ ဓာတ်ခွဲခန်းတွေ၊ မြို့ကြီးတွေကဓာတ်ခွဲခန်းတွေကို သွားစစ်ဆေးခံဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကလည်း နည်းဥပဒေ ပုဒ်မ ၁၇ ကို သက်ဆိုင်တဲ့ လုပ်ငန်းအဖွဲ့တွေက အကောင်အထည်ဖော်ဖို့ အားနည်းတဲ့အကြောင်း ကျွန်တော် Power Point မှာ တင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာသုံးစက်နဲ့ စက်ပစ္စည်းကိရိယာကိစ္စတင်ပြလိုပါတယ်။ စက်ပစ္စည်း ကုမ္ပဏီတွေကလည်း လယ်သမားတွေအရစ်ကျနဲ့ ဝယ်မယ်ဆိုရင် ဈေးမြှင့်ထားတာတွေ့ရပါတယ်။ စာချုပ်

ချုပ်ရင်လည်း လယ်သမားဘက်ကို ဖိနှိပ်ထားတယ်လို့ ခံစားနေကြရပါတယ်။ ကုမ္ပဏီက အားသာချက်တွေ အများကြီးယူထားတာတွေ တွေ့ရပါတယ်။ လယ်သမားဘက်က တိတိကျကျ ရပ်တည်ပေးမယ့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းမရှိပါဘူး။ တာဝန်ခံမှု၊ တာဝန်ယူမှုမရှိလို့ ပြဿနာတွေကို လယ်သမားဘက်ကပဲ ခံနေရတတ်ပါတယ်။ ဒါဟာလည်း နည်းဥပဒေ ပုဒ်မ ၁၂ ကို အကောင်အထည်ဖော်မှု အားနည်းတယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ Power Point မှာ တင်ပြထားပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆန်စပါးဈေးကွက် စီးပွားရေးတွက်ခြေ မကိုက်တာတွေ၊ လယ်သမားနဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ ညွှန်ကြားချက်တွေ၊ လိုက်နာမှုအားနည်းတာတွေ၊ ကွန်ပေါင်းဓာတ်မြေသြဇာနဲ့ စိုက်ပျိုးရေးဆေးကုမ္ပဏီတွေဟာ အတုအစစ်မရေရာတဲ့ သွင်းအားစုတွေနဲ့ လယ်သမားတွေအပေါ် စီးပွားရှာနေတာတွေ၊ လယ်ယာသုံး စက်ပစ္စည်းကုမ္ပဏီတွေအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းတာတွေ၊ ကိုယ့်လယ်ယာမြေနဲ့ တွက်ရေးကိုက်တဲ့ သီးနှံမစိုက်ရတာတွေ၊ မြေဆီလွှာတွေ စမ်းသပ်စစ်ဆေးပေးဖို့ အားနည်းတာတွေ အဲဒါတွေကို ပြုပြင်ပေးဖို့လိုနေပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာလေးတစ်ခု သာယာဝတီမြို့နယ်မှာ ဖြစ်တာလေး တင်ပြလိုပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂၈ ရက်နေ့ နွေစပါးစိုက်ဖို့ ပေါင်းတင်မျိုးသန့်ခြံမှာ လယ်သမားတွေသွားဝယ်တဲ့ အခါမှာ စိုက်/ခြံ မန်နေဂျာက မြို့နယ်စိုက်ပျိုးရေး မန်နေဂျာနဲ့ ခရိုင်မန်နေဂျာတို့ရဲ့ ထောက်ခံချက်ယူခဲ့ပါလို့ ပြောပါတယ်။ အဲဒီမှာ ထောက်ခံချက် သွားယူကြတဲ့အခါမှာ မြို့နယ်မန်နေဂျာက မူဝါဒတွေ၊ ဥပဒေဘောင်တွေပြောပြီး လယ်သမားတွေကို ထောက်ခံချက် လုပ်မပေးပါဘူး။ သက်ဆိုင်တဲ့ လူကြီးတွေက လယ်သမားတွေ မျိုးကောင်းမျိုးသန့် စိုက်ဖို့ပြောပေမယ့် အောက်ခြေလယ်သမားတွေမှာ အခက်အခဲတွေ့နေပါတယ်။ လယ်သမားတချို့ပြောတာက ဌာနဆိုင်ရာတချို့ဟာ လယ်သမားတွေ ပေါ်မှာ မူဝါဒတွေ၊ ဥပဒေတွေပြောပြီး အမျိုးမျိုး ရှောင်ကွင်းတတ်ပါတယ်လို့ ဆိုပါတယ်။ သူတို့အတွက် အကျိုးရှိရင် မူဝါဒဥပဒေ ရှိရှိ မရှိရှိ လွယ်လွယ်နဲ့ ဆောင်ရွက်ပေးတယ်လို့လည်း ဆိုကြပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်ရှည်ချေးငွေနဲ့ပတ်သက်လို့တင်ပြလိုပါတယ်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ ၂၁၊ ၂၂ မှာ ပါ ပါတယ်။ ဒါလည်း ကျွန်တော် Power Point မှာ တင်ပြထားပါတယ်။ နှစ်ရှည်ဆိုတာကတော့ (၂)နှစ်နဲ့ (၃)နှစ်ကနေ အထက်ဖြစ်ပါတယ်။ လယ်သမား၊ ကိုင်းသမား၊ ဥယျာဉ်ခြံသမားအားလုံး ဥပဒေအရ ချေးပေးရမှာ ဖြစ်ပါတယ်။ ခုတော့ တစ်ခါမှမချေးသေးပါဘူး။ နှစ်ပေါက်ပဲချေးပါတယ်။ ဒါလည်း တစ်ဧက (၁)သိန်းဟာ မလောက်တော့လို့ သင့်တော်သလောက်တိုးပေးပါလို့ ခုနကျွန်တော်တွက်ချက် တင်ပြပြီးပါပြီ။ ဒါအထူးအလေးပေး စဉ်းစားလုပ်ဆောင်ရမယ့် ကိစ္စဖြစ်ပါတယ်။ တချို့က ဒီလို တိုးသင့်သလောက်တိုးပြီး နှစ်လတ်၊ နှစ်ရှည်သာ ချေးပေးမယ်ဆိုရင် ရေမြုပ်ပျက်ဆီးတဲ့ လယ်တွေအတွက် မျိုးဖိုး(၆၀၀၀)ဟာ သက်ဆိုင်ရာက မထောက်ပံ့လည်း ရပါတယ်လို့ဆိုပါတယ်။ နောက်တစ်ချက်က လယ်ယာမြေတွေကို ငွေရှင်တွေက ဝယ်ပြီးတော့မှ ဧကနည်းနည်းပဲ အစိုက်ပြထားတာတွေရှိနေလို့ ငွေရှင်ကြေးရှင်တွေရဲ့ လုပ်ရပ်တွေကိုလည်း စစ်ဆေးအရေးယူပေးဖို့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်မြောင်းနဲ့ပတ်သက်လို့ တင်ပြပါမယ်။ သာယာဝတီဘက်မှာ ဒီ ငါးနှစ်သက်တမ်းမှာတော်တော်လေး ဂရုစိုက်လုပ်ပေးပါတယ်။ ကျေးဇူးတင်ပါတယ်။ ကျန်နယ်မြေဒေသကလည်း ဒီလိုပဲလုပ်ပေးမယ်လို့ ယူဆပါတယ်။ ဒါလည်းမလုပ်မဖြစ် လုပ်ပေးရမယ့်ကိစ္စမို့ အဆင်ပြေတဲ့

ဒေသတွေမှာ နည်းဥပဒေ ပုဒ်မ ၁၀ အရ တိတိကျကျ အကောင်အထည်ဖော်ပေးဖို့ လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၁၀ ကိုလည်း ကျွန်တော် Power Point မှာ တင်ပြထားပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်သမားတွေ ဆင်းရဲမှုလျှော့ချဖို့အတွက် တင်ပြပါမယ်။ ပြည်သူအများစု ဖြစ်တဲ့ ဒီလယ်သမားတွေဘဝ ဆင်းရဲမှုလျှော့ချမယ်ဆိုရင်တော့ စီမံကိန်းတွေမှာ လယ်ယာကဏ္ဍနဲ့ ပါဝင်မှု အချိုးအစားကို နှစ်စဉ်လျှော့တဲ့ ပေါ်လစီမလုပ်ဘဲနဲ့ ပြောင်းပြန်အနေနဲ့ နှစ်စဉ်တိုးတဲ့ပေါ်လစီ လုပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော် တာဝန်ရှိတဲ့ပုဂ္ဂိုလ်ကို မေးဖူးပါတယ်။ လယ်ယာကဏ္ဍ ဘာဖြစ်လို့သိသိသာသာ မတိုးတက်ပါသလဲဆိုတော့ ပြန်ဖြေတာကတော့ အာဆီယံနိုင်ငံထဲမှာ ကျွန်တော်တို့ လယ်ယာကဏ္ဍမှာ ဘတ်ဂျက်ရရှိမှု တော်တော်လေး နည်းနေတယ်လို့ သူဖြေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြန်ကြည့် မယ်ဆိုလို့ရှိရင် စီမံကိန်းတွေမှာ စက်မှုနဲ့လျှပ်စစ်ကဏ္ဍတို့မှာ နှစ်တိုင်းလို ကျပ်ဘီလီယံတစ်ထောင် လောက် အရှုံးပေါ်နေတဲ့ကိစ္စ အဲဒီအခြေအနေတွေနဲ့ ယှဉ်ကြည့်မယ်ဆိုလို့ရှိရင် အသေးစိတ်သုံးသပ်ပြီးမှ လယ်ယာကဏ္ဍကို ခုန ကျွန်တော်ပြောခဲ့သလို လိုအပ်ချက်တွေ ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။ စက်မှုမှာ အရှုံးပေါ်နေတဲ့ စက်ရုံကြီး (၄)ရုံဆိုပါတော့။ ဒါကတော့ ရန်ကုန် တို့၊ ထုံးဘို တို့၊ ကျွန်တော်တို့ မကွေး၊ မြိုင် တို့မှာရှိတဲ့ အမှတ်(၁၁)၊ (၁၂)၊ (၁၃)၊ (၂၅) စက်ရုံတွေ ကာကွယ်ရေးလွှဲ ပေးရမယ်ဆိုတဲ့ အခြေအနေ တွေ ဒါကာကွယ်ရေးဝန်ကြီးဌာနကလည်း ဒါဦးနှောက်ခြောက်မယ်လို့ ကျွန်တော်မြင်ပါတယ်။ နောက် ဒါတင်မကသေးပါဘူး။ အကျိုးနည်းလှတဲ့ ကျွန်တော်တို့ သထုံက ကော့စတစ်ဆော်ဒါစက်ရုံတို့၊ ကျောက်ဆည်က မှန်စက်ရုံတို့၊ ပင်းပက်နဲ့ မြင်းခြံတို့က သံမဏိစက်ရုံတို့လို ဒီစက်ရုံတွေကို နှစ်စဉ် ဘတ်ဂျက်တွေ ဖြည့်နေရတာလည်း တော်တော်လေးနှမြောဖို့ကောင်းပါတယ်။ ဒါတွေဟာ စက်မှုနိုင်ငံ ဖြစ်ဖို့ ဟိုတုန်းက တာဝန်အရ လုပ်နေရတယ်လို့ သိရပါတယ်။ ဒီကဏ္ဍတွေမှာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်ကြီး တွေကလည်း ကွယ်လွန်တဲ့သူ ကွယ်လွန်၊ အနားယူတဲ့သူတွေ ယူကုန်ပါပြီ။ ဒီကဏ္ဍတွေကနဲ့ လယ်ယာကဏ္ဍကို ထိုက်သင့်သလောက် ချိန်ဆဖောင်းပေးလိုက်ရင် တရုတ်၊ ဗီယမ်နမ်၊ ထိုင်းတို့လို ကျွန်တော်တို့ လယ်သမားတွေဘဝဟာလည်း အထိုက်အလျောက် မြင့်မားလာနိုင်မယ်လို့ သုံးသပ် ပါတယ်။ အောက်ခြေက အခက်အခဲတွေကို မသိလို့ မရှင်းနိုင်ရင်ဖြင့် ခက်မသုံးဖြာကိုလည်း ပြည်သူက ယုံကြည်မှုအားနည်းမှာ ဖြစ်ပါတယ်။

ဒါကြောင့် တောင်သူလယ်သမား၊ ဥယျာဉ် ကိုင်းသမားများဘဝ မြင့်မားရေးအတွက် ဈေးကွက် ညှိနှိုင်းပေးရေး၊ စိုက်ပျိုးရေးစရိတ် ချေးငွေတိုးမြှင့်ပေးနိုင်ရေးနဲ့ အခြားလိုအပ်ချက်တွေ ပံ့ပိုးပေးဖို့အတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းပါကြောင်းအဆိုကို ဥက္ကဋ္ဌကြီးကတစ်ဆင့် လွှတ်တော်ကို လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးမြင့်ထွန်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးနိုင်ရေး နှင့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း

အဆိုကို လက်ခံဆွေးနွေးသင့်ပါကြောင်း ကျွန်တော် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ထွန်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေး နိုင်ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် / မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမြင့်ထွန်း ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ဦးမြင့်ထွန်း ရဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့ အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ပထမပုံမှန် အစည်းအဝေးမှ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီ၏ ပထမပုံမှန် အစည်းအဝေးမှ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင် ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးရာကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဒေါ်ရီရီမြင့် (အဖွဲ့ဝင်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှင်။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီ၏ ပထမပုံမှန် အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုကို ကျွန်မ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့် မှ အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် -

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဒုတိယဗိုလ်မှူးကြီးကျော်စံဦး (အဖွဲ့ဝင်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်ကြီးမှ သဘောတူလက်ခံအတည်ပြုပေးပါရန် ကော်မတီကိုယ်စားကျွန်တော် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်စံဦး မှ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် -

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေး နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်

ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခ ဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကော်မတီ က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးဆလိုင်းခွဲယန် (အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလ များအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံပေးပါရန် ကော်မတီကိုယ်စား အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးဆလိုင်းခွဲယန် က အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကော်မတီရဲ့ အစီရင် ခံစာကို အတည်ပြုရန် -

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခ ဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေး ကော်မတီ၏ ပထမအကြိမ် အမျိုးသား လွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဒေါက်တာဗညားအောင်မိုး (ဥက္ကဋ္ဌ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီ)**

။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာဂါရဝ ပြုလိုက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးကော်မတီဥက္ကဋ္ဌအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှု လျှော့ချရေးကော်မတီ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို ဖတ်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီ ပထမအကြိမ် လွှတ်တော် သက်တမ်းအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ**

**နိဒါန်း**

၁။ ကျွန်ုပ်တို့နိုင်ငံသည် ရေမြေသဘာဝကောင်းပြီး မြေပေါ်မြေအောက် သယံဇာတ လူ့သယံဇာတ ပေါများ သော်လည်း ကမ္ဘာ၏ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသောနိုင်ငံများ (Low Developing Countries) စာရင်းဝင် နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ၁၉၆၂ ခုနှစ်မှစ၍ မြန်မာ့ဆိုရှယ်လစ် စီးပွားရေး စနစ်နှင့် ပြည်တွင်းစစ်ကြောင့်ဟု ကောက်ချက်ချရပေမည်။ ၁၉၉၀ ခုနှစ်ရောက်မှ တပ်မတော်အစိုးရက ပြုပြင်ပြောင်းလဲမှုအဖြစ် ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးလာပြီး မြေပေါ်မြေအောက်သယံဇာတများ ထုတ်ယူရောင်းချရာမှ အခြေခံအဆောက်အဦဖြစ်သော လမ်းတံတား၊ လျှပ်စစ်ဓာတ်အား၊ နယ်စပ်ဒေသ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတိုးတက်အောင်ဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီ ဆိတ်သုဉ်းနေချိန်ဖြစ်၍ လည်းကောင်း၊ အနောက်အုပ်စု၏ စီးပွားရေးပိတ်ဆို့မှု ဒဏ်ကြောင့်လည်းကောင်း၊ နိုင်ငံ၏ဆင်းရဲမှု ကိုများစွာ မကုစားနိုင်ခဲ့ပေ။ ၂၀၁၀ နိုဝင်ဘာလ ၇ ရက်နေ့ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး ၂၀၁၁ ဇန်နဝါရီလ ၃၁ ရက်နေ့မှစ၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ကျင့်သုံးကာ လွှတ်တော်များ စတင်ဖွင့်လှစ်ပြီး အစိုးရသစ်ဖွဲ့ချိန်မှစ၍ အနောက်နိုင်ငံ စီးပွားရေးပိတ်ဆို့မှု လျှော့လာပြီး ဒီမိုကရေစီနည်းကျအစိုးရ၊ လွှတ်တော်နှင့် ပြည်သူတို့ ထိန်းညှိဆောင်ရွက်ခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးမှုအထိုက် အလျောက်ရှိလာပြီး ဆင်းရဲမှုလည်း အထိုက် အလျောက်လျော့ကျခဲ့သည်ဟု ယူဆရပါမည်။ ထိုသို့စတင် ဆောင်ရွက်စဉ်အခါက မဟာဗျူဟာ မူဘောင် ချမှတ်ခြင်း မရှိခဲ့ဘဲ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များဖွံ့ဖြိုးတိုးတက်ရေးနဲ့ စည်ပင်သာယာရေး ဝန်ကြီးဌာနက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဌာနကို ကိုင်တွယ်ခဲ့သည်။

၂။ (က) **စတင်ဖွဲ့စည်းရန်ဖြစ်ပေါ်လာသည့် အခြေအမြစ်ဆိုင်ရာ အချက်အလက်များ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေ၏ (၇၀) ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရန် တိုးတက်ဖွံ့ဖြိုးမှုနည်းပါး နေသည့် ကျေးလက်ဒေသနေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သော လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ရန်မှာ နိုင်ငံတော်အတွက် အဓိကကျသော အချက်တစ်ချက် ဖြစ်ပါ သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်အတူ ကျေးလက်ဒေသမှာဆင်းရဲမှု ပပျောက်နိုင်

ပေမည်။ မြို့ပေါ်နေသူများတို့မှာ အလုပ်လက်မဲ့ဖြစ်၍လည်းကောင်း၊ လုပ်ခလစာနည်း၍လည်းကောင်း၊ ကိုယ်ပိုင်အလုပ်လုပ်သော်လည်း ဝင်ငွေမလုံလောက်၍လည်းကောင်း၊ မြို့နေဆင်းရဲသူ(Urban Poor) အများအပြား ရှိကြသည်။ ဆင်းရဲမှုလျှော့ကျရေး၊ ဆင်းရဲမှုပပျောက်ရေးဆောင်ရွက်ရာမှာ ကျေးလက် ဆင်းရဲသူများ (Rural Poor)ရော မြို့နေဆင်းရဲသူများ (Urban Poor) တို့ကိုပါ ဆင်းရဲမှုလျှော့ကျရန် ဆောင်ရွက်နိုင်မှ တစ်နိုင်ငံလုံးအတွက် ဆင်းရဲမှုကျဆင်းနိုင်ပေမည်။

(ခ) **အမိန့်ကြော်ငြာစာများ**

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ ၅-၈-၂၀၁၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၃)ဖြင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၇ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး သဘောတူ ဆုံးဖြတ်ချက်တို့အရ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီကို အောက်ပါအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။

ဥက္ကဋ္ဌ ကျွန်တော် ဒေါက်တာဗညားအောင်မိုး၊ အတွင်းရေးမှူး ဦးစိုင်းတင်အောင် နဲ့ ပြည်နယ်တိုင်းအလိုက် တစ်ဦးစီကျ လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်(၁၃)ဦးတို့ ပါဝင်ကြပါတယ်။

(ဂ) **ကော်မတီ၏လုပ်ငန်းတာဝန်များ။** (ဖြန့်ဝေထားတဲ့ အစီရင်ခံစာမှာ ပါရှိပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် မဖတ်ပြတော့ပါ)

(၁) ကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၈ အရ လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော် အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမည်။

(၂) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို လေ့လာစောင့်ကြည့်၍ လိုအပ်သည်များ ပံ့ပိုးကူညီပေးခြင်း၊ ထိန်းညှိပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(၃) ကမ္ဘာ့ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်အတိုင်း ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှု ထက်ဝက်လျှော့ချရန် ရည်မှန်းထားချက်ကို ကမ္ဘာ့နိုင်ငံတကာနှင့် အာဆီယံဒေသ နိုင်ငံလွှတ်တော်တို့နှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော် ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်း ညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြအကြံပြုချက် ရယူရမည်။

(၄) လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်တော်၍ဖြစ်စေ၊ လေ့လာစေသော (သို့မဟုတ်) ဆောင်ရွက်စေလိုသော အထူးကိစ္စရပ်များကိုလည်း ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ပြီး အမျိုးသားလွှတ်တော်ရေးရာ ကော်မတီ

များနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံစာ ပြုစုတင်ပြရမည်။

(၅) လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းသင့်ကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါအကြောင်းအရာနှင့်စပ်လျဉ်း၍ အသေးစိတ်ပြန်လည်ပြုစုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်အတိုင်း လွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့်ကိစ္စဖြစ်သော လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ရန် စနစ်တကျ တင်သွင်းရမည်။

(၆) ကော်မတီသည် အစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော (သို့မဟုတ်) ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ၊ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ လွှတ်တော်သို့ ပေးပို့သောအစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

(ဃ) **ကော်မတီ၏လုပ်ပိုင်ခွင့်။** (ဖြန့်ဝေထားတာ ပါဝင်တဲ့အတွက်ကြောင့် မဖတ်ပြတော့ပါ)

(၁) ကော်မတီသည် ကော်မတီလုပ်ငန်းနှင့် ပတ်သက်ဆက်စပ်သက်ဆိုင်သော အစိုးရ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များအား အမျိုးသားလွှတ်တော် ရေးရာကော်မတီများနှင့် လွှတ်တော် အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်း ညှိနှိုင်းရေးအဖွဲ့မှ တစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဖိတ်ကြား၍ မေးမြန်းညှိနှိုင်း ဆွေးနွေးနိုင်သည်။ စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေး လုပ်ငန်းလုပ်ကိုင်ရာ နေရာဒေသသို့သွားရောက်လေ့လာ စိစစ်ညှိနှိုင်းဆွေးနွေးအကြံပြုနိုင်သည်။ လေ့လာခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို အမျိုးသားလွှတ်တော် ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်း ညှိနှိုင်းရေးအဖွဲ့သို့ ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏စီစဉ်ပေးမှုဖြင့် ဆောင်ရွက်နိုင်သည်။

(၂) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ၊ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်ပေးသင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူ ဆောင်ရွက်သင့်သော ကိစ္စရပ်များ ရှိပါက အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်း ညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့်

လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်အတူ ပြည့်စုံစွာပြုစုတင်ပြရမည်။

(င) **ကော်မတီ၏ရပိုင်ခွင့်**။ (ကော်မတီ၏ ရပိုင်ခွင့်၊ ကော်မတီ၏ လုပ်ပိုင်ခွင့်၊ ကော်မတီ၏သက်တမ်းနှင့် အထွေထွေကိုလည်း ဖြန့်ဝေထားတဲ့ အစီရင်ခံစာမှာပါပြီးဖြစ်လို့ မဖတ်ပြတော့ပါ)

(၁) ကော်တီဝင်များသည် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ၊ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခို နေထိုင်စရိတ်၊ စားသောက်စရိတ်နှင့်အခြားစရိတ်များအားတည်ဆဲဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ထုတ်ယူခံစားခွင့်ရှိသည်။

(၂) တာဝန်ဖြင့် ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းအတွက် ကော်မတီဝင်များသည် ပြည်ထောင်စု အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဖြစ်သည် နှင့်အညီ လွှတ်တော်ရုံးက လည်း ကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးပြည်နယ်အစိုးရအဖွဲ့တို့မှ ဝန်ကြီးဌာနများကလည်းကောင်း၊ အုပ်ချုပ်မှုနှင့်နေရာထိုင်ခင်းများသင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

(စ) **ကော်မတီ၏သက်တမ်း**

ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍မူအရ တစ်နှစ်ဖြစ်သည်။

(ဆ) **အထွေထွေ**

(၁) လွှတ်တော်ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊ အစားထိုးတာဝန်ပေးအပ်ခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

(၂) ကော်မတီဝင်များ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ကို အမျိုးသားလွှတ်တော်ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်နိုင်သည်။

(၃) ကော်မတီ လုပ်ငန်းလိုအပ်ချက်အရ အစည်းအဝေးကျင်းပရန် လိုအပ်လျှင်ကော်မတီ ဥက္ကဋ္ဌက အခါအားလျော်စွာ ခေါ်ယူကျင်းပနိုင်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော်သမ္မတက အမျိုးသားအဆင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မဟာဗျူဟာမူဘောင် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၁၈)ရက်နေ့၌ နေပြည်တော်တွင် ဖွင့်လှစ်ပေးခဲ့ပြီး မဟာဗျူဟာ(၅)ရပ်ကို ချမှတ်နိုင်ခဲ့သည်။

(က) ဦးစားပေးရွေးချယ်၍ ဘက်စုံထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးမဟာဗျူဟာ၊

(ခ) အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း မဟာဗျူဟာ၊

(ဂ) စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်များရရှိရေး မဟာဗျူဟာ၊

(ဃ) ထိရောက်စွာပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး မဟာဗျူဟာ၊

(င) ကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးရေး စီမံအုပ်ချုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ချမှတ်ဆောင်ရွက်ခြင်း မဟာဗျူဟာ။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်**

၄။ (က) လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊

(ခ) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊

(ဂ) ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဃ) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(င) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(စ) ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊

(ဆ) ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊

(ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကိုချမှတ်နိုင်ခဲ့သည်။

**ကော်မတီအစည်းအဝေးကျင်းပခြင်း**

၅။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကော်မတီကို လွှတ်တော်သက်တမ်းတစ်ဝက် ရောက်ပြီးမှ ဖွဲ့စည်းခဲ့၍ ကော်မတီအနေဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ၂၀၁၃ ဩဂုတ်လ ၅ ရက်နေ့တွင် ကော်မတီဖွဲ့စည်းကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီးသည် နှင့် ၂၀၁၃ ဩဂုတ်လ ၆ ရက်နေ့တွင် ကော်မတီရုံးခန်းရှိသော အိုင်-၁၅ တွင် ညနေ (၁၆း၂၀)မှ (၁၇း၁၅)နာရီတွင် ပထမဦးဆုံး ကော်မတီအစည်းအဝေးကို ကျင်းပခဲ့သည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း**

၆။ (က) ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ကို ဆင့်ခေါ်တွေ့ဆုံဆွေးနွေးခဲ့သည်။

(၁) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်ဆွေးနွေးရာမှာ တာဝန်ခံဝန်ကြီးဌာန(Focal Ministry)ဖြစ်ခြင်း၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသမှာ တစ်ပိုင်တစ်နိုင်မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်၊ ပြည်သူ့ဗဟိုပြုစီမံကိန်း (လူထုဗဟိုပြုစီမံကိန်း)၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနကို နယ်စပ်ဒေသဖွံ့ဖြိုးရေးဌာနမှ ပြောင်းရွှေ့လာသည့် ကိစ္စများတို့ကို ဆွေးနွေးတင်ပြကြသည်။

(၂) သမဝါယမ ဝန်ကြီးဌာနနှင့် ဆွေးနွေးရာမှာ သမဝါယမ ဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးမှာ သမဝါယမအခန်းကဏ္ဍ၊ သမဝါယမ၏ ဦးတည်ချက်(၂)ရပ်၊ လုပ်ငန်းစဥ်(၅)ရပ် သမဝါယမအသင်း အကြောင်း ဆွေးနွေးပေးရာမှာ ဝိုင်းကြီးချုပ်အကြောင်း၊ ဆင်းရဲသားလယ်သမား တွေကို ချေးငွေပေးနိုင်ရန် မည်သို့ဆောင်ရွက်သည့်အကြောင်း၊ သမဝါယမ လုပ်ငန်းက အရေးကြီး၍ပိုမို ကောင်းမွန်အကျိုးပြုနိုင်ရန် ကြိုးစားသင့်သည့် အကြောင်းတို့ကိုဆွေးနွေးကြသည်။

(၃) အမျိုးသားစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဆွေးနွေးရာမှာ ဆင်းရဲမှု တိုင်းတာခြင်း၊ ဆင်းရဲမှုစံနှုန်း ကိန်းဂဏန်းမှန်ကန်မှု အရေးကြီးခြင်း၊ ဆင်းရဲမှု စာရင်းမှန်ကန်လျှင် မည်သို့အကျိုးရှိမည်တို့ကို အကျယ်တဝင့်ဆွေးနွေး ကြသည်။

၇။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၂၇)ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့နှင့် အမျိုးသားလွှတ်တော် ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီတို့ လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်း-

(က) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနှင့် ဆွေးနွေးရာမှာ-

- လယ်ယာစိုက်ပျိုးမြေ တိုးတက်ရေး(Land Development )ကိစ္စ၊
- စိုက်ပျိုးရေးနှင့်မွေးမြူရေးပေါင်းလုပ်ခြင်း (Inte grated Farm)ကိစ္စ၊
- ကြားသီးနှံကိစ္စ၊
- သွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေ လယ်လုပ် ကိရိယာပစ္စည်းများကိစ္စ၊
- မျိုးစေ့ကောင်းများ တောင်သူလယ်သမားထံရောက်ရေး၊
- တောင်သူလယ်သမား ချေးငွေကိုတိုးပေးရေးနှင့် အတိုးလျှော့ပေးရေး၊
- ကန်ရေသောက်၊ ဆည်ရေသောက် လယ်ယာမြေကိစ္စ၊
- စိုက်ပျိုးရေရရှိရေးကိစ္စ၊
- သစ်သီးခြံ၊ ရော်ဘာခြံ တောင်သူများ ချေးငွေရရှိရေးကိစ္စ၊
- လယ်ယာထွက်ကုန်များ ထိုက်သင့်သည့် ဈေးနှုန်းရရှိရေးကိစ္စ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

( ခ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်ဆွေးနွေးရာမှာ-

- တောပြုန်းသည့်ကိစ္စ၊ သစ်တောထိန်းသိမ်းရေးနှင့် သစ်တောပြန်စိုက်ရန်ကိစ္စ၊
- အခက်ခဲဖြစ်သောနေရာမှာလယ်ယာမြေလုပ်ခွင့်ပေးရန်ကိစ္စ၊

- ဆိတ်၊ နွားစသည်တို့ မွေးမြူရန် စားကျက်ပေးရေးကိစ္စ၊
- သစ်တောဌာနမှ အများပြည်သူအလုပ်ကို ဖန်တီးပေးရေးကိစ္စ၊
- သစ်ပင်စိုက်ပျိုးနည်းပညာကိုလည်း ပြည်သူတို့ကိုပေးရေးကိစ္စ၊
- အညာဒေသစိမ်းလန်းစိုပြည်ရေးနဲ့ ကျေးလက်ဒေသပြည်သူအတွက် သစ်တောသယံဇာတအဖြစ် တမာစိုက်ခင်း၊ ဂန္ထာရစိမ်းပင်အကြောင်း၊
- သစ်တောကြိုးဝိုင်းတွင်းရှိ ပြည်သူတို့စိုက်ပျိုးမြေများနှင့် ကျေးရွာများကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

၈။ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ စတင်အကောင်ထည်ဖော်ခဲ့သည်။

(က) **ရည်ရွယ်ချက်**

- အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊
- တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊
- ကျေးလက်အခြေခံ အဆောက်အအုံများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးစေရန်၊
- ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် မမျှော်မှန်းနိုင်သောဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်မှု အားကောင်းသော လူ့အဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်။

(ခ) **ဆောင်ရွက်ရမည့်နည်းလမ်းများ**

- အရင်းမပျောက်သည့်ရန်ပုံငွေ ထူထောင်ပေးခြင်းဖြစ်သည်။
- ရန်ပုံငွေအမည်ကို မြစိမ်းရောင်ရန်ပုံငွေဟု အမည်သတ်မှတ်မည်။
- ကျေးရွာတစ်ခု(သို့မဟုတ်)လူမှုအသိုက်အဝန်း တစ်ခုအတွင်း လည်ပတ်နေသော ရန်ပုံငွေဖြစ်ပြီး၊ ယင်းရန်ပုံငွေကို ဘဏ္ဍာရေး အရင်းအမြစ်မှ ထောက်ပံ့ မတည်ပေးမည်ဖြစ်ပြီး ပြန်လည်ပေးဆပ်ရန် မလိုပါ။
- စီမံကိန်းပထမနှစ်တွင် ကျေးရွာတစ်ရွာလျှင် မတည်ရန်ပုံငွေကျပ်သိန်း(၃၀၀)ကို နိုင်ငံတော်ဘတ်ဂျက်မှ စိုက်ထုတ်မတည်ပေးမည် ဖြစ်သည်။
- ကျေးရွာပြည်သူများ လိုအပ်သော အရင်းအနှီးအတွက် လိုအပ်သော ငွေကြေးကို အဆိုပါ မြစိမ်းရောင်ရန်ပုံငွေမှ အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်သည်။

(ဂ) **မြစိမ်းရောင်ကျေးရွာစီမံကိန်း**

(၁) **စီမံကိန်းဧရိယာ**

- ပြည်နယ်/တိုင်းဒေသကြီး (၁၄)ခုနှင့် နေပြည်တော် ကောင်စီနယ်မြေ၊

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅) ခုတို့ရှိ ခရိုင် (၄၇) ခရိုင်မှ မြို့နယ်ပေါင်း (၁၃၀) မြို့နယ်၊ မြို့နယ်ခွဲ(၈)၊ ကျေးရွာပေါင်း (၁၁၅၀)၊

(၂) **စီမံကိန်းကာလ**

- ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်(၁)နှစ်၊

(၃) **အကျိုးခံစားသူ**

- ကျေးလက်ဒေသရှိ အိမ်ထောင်စု (၃.၃) သိန်းမှ ဆင်းရဲသားလူဦးရေ (၁.၈၃)သန်း၊

(၄) **ရန်ပုံငွေပမာဏ**

- ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း(၃၀၀)နှုန်းဖြင့် စုစုပေါင်းကျပ်(၃၄.၅) ဘီလီယံ

(၅) **ဆောင်ရွက်မည့်လုပ်ငန်းများ** ကို အစီရင်ခံစာမှာပါတဲ့အတိုင်းဖြစ်တယ်။

- မွေးမြူရေး၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ မီးလင်းရေး၊ ကျေးရွာကုန်ထုတ်လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊

(နောက်ပြီးတော့(ဃ)ကျေးရွာရွေးချယ်မှု ဦးစားပေး သတ်မှတ်ချက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရမည့်ကျေးရွာများ စာရင်းချုပ်ကို အစီရင်ခံစာမှာပါတဲ့အတိုင်း ဖြစ်ပါတယ်။)

(ဃ) **စီမံကိန်းကျေးရွာ ရွေးချယ်မှု ဦးစားပေးသတ်မှတ်ချက်များ**

- ဆင်းရဲသောကျေးရွာ၊
- စိုက်ပျိုးရေး/မွေးမြူရေး အကောင်အထည်ဖော်နိုင်မှု (တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် စိုက်ပျိုးရေး /မွေးမြူရေး ဆောင်ရွက်ရန် အလားအလာရှိမှု)၊
- တရားဥပဒေစိုးမိုးခြင်း (အရက်ပုန်း၊ လောင်းကစား၊ မူးယစ်ဆေးဝါးကင်းစင်ခြင်း)၊
- ကျေးရွာသူကျေးရွာသားများ၏ စိတ်အားထက်သန်မှု၊
- ပညာရည်မြင့်မားရေး လိုလားအားပေးမှု၊
- ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဆောင်ရွက်နိုင်မှု၊

( င ) **မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရမည့် ကျေးရွာများစာရင်းချုပ်**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကြီးများ | ခရိုင် | မြို့နယ် | မြို့နယ်ခွဲ | ကျေးရွာ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ကချင် | ၃ | ၁၂ | - | ၄၂ | |
| ၂။ | ကယား | ၂ | ၃ | - | ၁၁ | |
| ၃။ | ကရင် | ၂ | ၂ | ၃ | ၃၆ | |
| ၄။ | ချင်း | ၃ | ၆ | - | ၂၄ | |
| ၅။ | စစ်ကိုင်း | ၂ | ၃ | - | ၁၀၁ | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ | တနင်္သာရီ | ၁ | ၂ | - | ၂၁ | |
| ၇။ | ပဲခူး | ၂ | ၄ | - | ၁၁၆ | |
| ၈။ | မကွေး | ၂ | ၃ | - | ၈၃ | |
| ၉။ | မန္တလေး | ၅ | ၁၃ | - | ၈၃ | |
| ၁၀။ | မွန် | ၂ | ၁၀ | - | ၂၁ | |
| ၁၁။ | ရခိုင် | ၄ | ၄ | ၁ | ၆၃ | |
| ၁၂။ | ရန်ကုန် | ၂ | ၁၁ | - | ၄၂ | |
| ၁၃။ | ရှမ်း | ၉ | ၁၄ | ၁ | ၂၆၀ | |
| ၁၄။ | ဧရာဝတီ | ၆ | ၂၄ | ၃ | ၂၀၉ | |
| ၁၅။ | နေပြည်တော် | ၂ | ၈ | - | ၁၃ | |
| ၁၆။ | ပအိုဝ်းဒေသ | - | ၃ | - | ၅ | |
| ၁၇။ | ပလောင်ဒေသ | - | ၁ | - | ၅ | |
| ၁၈။ | ဓနုဒေသ | - | ၂ | - | ၅ | |
| ၁၉။ | ကိုးကန့်ဒေသ | - | ၂ | - | ၅ | |
| ၂၀။ | နာဂဒေသ | - | ၃ | - | ၅ | |
| | **စုစုပေါင်း** | **၄၇** | **၁၃၀** | **၈** | **၁၁၅၀** | |

၉။ မြစိမ်းရောင်စီမံကိန်းကိုနှစ်စဉ် ကျေးရွာများကို ထပ်ချပေးလျှင် နောက်ဆုံး တစ်နိုင်ငံလုံး ခြုံငုံမိမည်။ စီမံကိန်းက တကယ်အကျိုးရှိလျှင် ရန်ပုံငွေပမာဏကို ထပ်မံတိုးပေးနိုင်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီအနေဖြင့် စီမံကိန်းလုပ်ငန်းအတည်တကျ ဖြစ်လာသည့်အချိန်တွင် လေ့လာအကြံပြုရန် အစီအစဉ်ရှိသည်။

၁၀။ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ဥက္ကဋ္ဌ၏ ကြေညာချက်ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက် အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၄ အရ အမျိုးသားလွှတ်တော်၊ ကျေးလက်ဒေသဖွံ့ဖြိုး ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည်။

(ဥက္ကဋ္ဌ) ဒေါက်တာဗညားအောင်မိုး၊ (အတွင်းရေးမှူး) ဦးဇုန်လှယ်ထန်း အခြားအဖွဲ့ဝင် (၈)ဦး နဲ့ဖွဲ့စည်းခဲ့တယ်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်အားလုံး(၁၀)ဦးရှိသည်။ အတွင်းရေးမှူး အပါအဝင် လူသစ်(၅)ဦး ပါဝင်လာခဲ့သည်။

**၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့တွင် ကော်မတီနှင့် ကျန်းမာရေးဌာန ညှိနှိုင်းဆွေးနွေးခြင်း**

၁၂။ - ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးမှာ ကျန်းမာရေးစောင့်ရှောက်မှုသည် တောရော မြို့ပါ အလွန်အရေးကြီးသည့်အချက် ဖြစ်သည့်အကြောင်း-
- ဘတ်ဂျက်ပို၍တောင်းသင့်သည့်ကိစ္စ၊
- ဝန်ထမ်းများတိုးမြှင့်ခန့်အပ်ရန်ကိစ္စ၊
- ဒေသခံဝန်ထမ်းများ ခန့်အပ်ရန်ကိစ္စ၊
- ဆေးရုံဆေးခန်းဆောက်လုပ်ရေးကိစ္စ၊
- အခမဲ့ဆေးဝါးကုသရေး၊ လူတိုင်းဆေးဝါးကုသမှုလက်လှမ်းမီရေး၊ (Universal Health Coverage) ကိစ္စ၊
- ပစ္စည်းကိရိယာပါ ဆေးဝါးလုံလောက်စွာရှိရေး၊ ဝယ်ယူသိုလှောင်ရေးကိစ္စ၊
- အသည်းရောင် B ပိုး၊ C ပိုး ကာကွယ်ရေးကိစ္စ၊
- ဆေးရုံ၊ ဆေးခန်းအတွက် ရေ၊ မီး သန့်ရှင်းရေးကိစ္စ၊
- ကျန်းမာရေးအာမခံ (Health Insurane) ကိစ္စ၊
- ကျန်းမာရေးပြုပြင်ပြောင်းလဲမှု(Health Reform)ပြုလုပ်ရာမှာ ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် အမူအရာဆက်ဆံရေးပြုပြင်မှု(Behavioural Reform) အကြောင်းတို့ကိုဆွေးနွေးကြသည်။

**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်နေ့တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ခြင်း**

၁၃။ - ကယ်ဆယ်ရေးလုပ်ငန်းအကြောင်း၊
- မူးယစ်ဆေးဝါးဖြတ်ပြီး ပြန်လည်ထူထောင်ရေး၊
- မိဘမဲ့ကလေးများ၊ လေလွင့်ကလေးများစောင့်ရှောက်ရေး၊ ပညာသင်ပေးရေး၊ အသက်မွေးဝမ်းကျောင်းပညာပေးရေး၊
- မူကြိုကျောင်းများကိစ္စ၊
- အမျိုးသမီးရေးရာ၊
- သက်ကြီးရွယ်အိုရေးရာ၊
- သက်ကြီးရွယ်အိုထောက်ပံ့ကြေးပေးရေးကိစ္စ၊
- မျက်မမြင် နားမကြားကျောင်းကိစ္စ၊
- ဆင်းရဲမှု စာရင်းဇယားကိစ္စ၊
- သင့်တော်သောဘက်ဂျက် ရရှိရန်ကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်နေ့တွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။**

၁၄။ - တယ်လီဖုန်းသည် လူမှုဘဝတိုးတက်မှုအတွက် အထောက်အကူဖြစ်ကြောင်း၊
- ဆင်းကတ်တန်ဖိုးကျလာသော်လည်း ဆက်သွယ်နိုင်မှု နယ်ပယ်နှံ့နှံ့ စပ်စပ်ဖြစ်ရန် လိုသေးကြောင်း၊

- ဖုန်းဆက်သွယ်ခကိစ္စ၊
- အင်တာနက်ကိစ္စ၊ အင်တာနက်ဆက်ခကိစ္စ၊
- ဆက်သွယ်ရေးဖုန်းနှင့် အင်တာနက်တို့ အရည်အချင်း (Quality)မြှင့်တင်နိုင်စေရန်တို့ကိုဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်တွင် ကော်မတီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေးခြင်း**

၁၅။
- လမ်းပန်းဆက်သွယ်ရေးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အဦ (Infrastructure) ဖြစ်ကြောင်း၊
- သယ်ယူပို့ဆောင်ရေး (Transportation) အတွက် အလွန်အရေးကြီးကြောင်း၊
- နိုင်ငံခြားကုန်သွယ်မှု တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့် ကုန်သွယ်ရေးတွင် ကားလမ်းသည် အဓိကအရေးကြီးကြောင်း၊
- ဝင်ငွေနည်းသူအတွက် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းအကြောင်းတို့ကို ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

**၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်နေ့တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးခြင်း**

၁၆။
- စက်ရုံအလုပ်ရုံများတွင် လျှပ်စစ်မရှိမဖြစ် စက်မှုဇုန်တည်ဆောက်ရန် စီမံကိန်းရှိလည်း မဟာဓာတ်အားလိုင်းကဲ့သို့ လျှပ်စစ်မျိုးစျေးပေါပေါမရလျှင် အကောင်အထည်မဖော်နိုင်ကြောင်း၊
- လိုအပ်သောလျှပ်စစ်ပမာဏ ထုတ်လုပ်ရေးကိစ္စ၊
- လျှပ်စစ်ဆက်သွယ်ရေး မဟာဓာတ်အားလိုင်းပို့ဆောင်ရေးကိစ္စ၊
- ကျေးရွာသို့ လျှပ်စစ်သွယ်တန်းရာမှာ ဌာနအနေဖြင့် တာဝန်ယူရန်ကိစ္စတို့ကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

**၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးခြင်း**

၁၇။
- အလုပ်သမားဥပဒေကိစ္စ၊
- အလုပ်သမားအခွင့်အရေးကိစ္စ၊
- အလုပ်သမားအနိမ့်ဆုံးလစာကိစ္စ၊
- အလုပ်သမားထိခိုက်ဖျားနာ ကလေးမွေးဖွားရာမှာ အာမခံထားခြင်း (Social Insurance)ကို အလုပ်သမားလစာမှ အနည်းဆုံးနှုန်းနှင့်လစဉ်ဖြတ်ပြီး အလုပ်ရှင်မှ ထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်း၍ ပြုလုပ်ရန်ကိစ္စ။

၁၈။ ဆီမီနာ (Seminar)အလုပ်ရုံဆွေးနွေးပွဲ (Work Shop)နှင့် အခမ်းအနားများကို လွှတ်တော်ရုံးမှတစ်ဆင့် ဖိတ်ကြားချက်နှင့် ညွှန်ကြားချက်အရ ကော်မတီကများစွာ တက်ရောက်ခဲ့ရပါသည်။

**Call တွေ့ဆုံခြင်း-**

၁၉။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ (၁၄)ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား 2014 JEFFERSON

FELLOWSHIPS, East West မှ Dr. G. Shabbir Cheema ခေါင်းဆောင်သော Journalists များနှင့် တွေ့ဆုံခဲ့သည်။

**လွှတ်တော်မှချပေးသော တစ်မြို့နယ်လျှင် သိန်းတစ်ထောင် ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်အခြားရန်ပုံငွေများ**

၂၀။ ထိုရန်ပုံငွေတို့သည်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် များစွာ အထောက်အကူဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များ ကြပ်မတ်ထိန်းကျောင်းရန် များစွာအရေးကြီး သည်။

၂၁။ (၆)လပတ် အစီရင်ခံစာများ၊ ရသုံးခန့်မှန်းခြေငွေစာရင်း (BE) ဖြည့်စွက်ရန်ပုံငွေ (RE)တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီက သက်ဆိုင်ရာ (သို့မဟုတ်)တာဝန်ကျ သော ဝန်ကြီးဌာနအတွက် သုံးသပ်ချက်၊ သဘောထားမှတ်ချက်၊ အကြံပြုချက်တို့ကို ပြည်ထောင်စု လွှတ်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီသို့ ပေးပို့ခဲ့သည်။

၂၂။ အမျိုးသားလွှတ်တော် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅)အရ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄)ရက် နေ့တွင် ကြည်း-၃၄၀၄၂ ဗိုလ်မှူးအောင်ကိုမင်းအား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့ချရေးကော်မတီ၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီကွင်းဆင်းလေ့လာခြင်း**

၂၃။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဌာနကို နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ မွေးမြူရေး၊ ရေ လုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြောင်းရွှေ့လာ သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးသည် အလွန်ကျယ်ပြန့်သော လုပ်ငန်းဖြစ် သည်။ အစိုးရအနေဖြင့် လုပ်ငန်းအသစ်ဖြစ်၍ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်ချနိုင်ရန် ဦးစွာကြိုးပမ်းခဲ့ သည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ(၁၈)ရက်တွင်မှ စတုတ္ထမူကြမ်း ချမှတ် နိုင်ခဲ့သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးသော-

(က) ၂၀၁၄ ခုနှစ်၊ ဇွန်လ(၁၂)ရက်တွင် လူထုဗဟိုပြုစီမံကိန်း (National Community Driven Development Project) ချမှတ်နိုင်ခဲ့သည်။

(ခ) မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂၃)ရက်တွင်မှ ချမှတ်နိုင်ခဲ့ သည်။ အမျိုးသားလွှတ်တော်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကော်မတီက လုပ်ငန်းများကိုစိစစ်နိုင်ရန် စီမံကိန်းများ၊ လုပ်ငန်းများအစပျိုးချိန်ဖြစ်၍ အကောင်အထည် ကောင်းကောင်းမဖော်သေးသည့် အချိန်ဖြစ်နေခြင်း၊ လွှတ်တော် အစည်းအဝေး ကာလများ၍ လွှတ်တော်အားချိန်နည်းခြင်း၊ ချီးမြှင့်ငွေသုံးသိန်း အချိန် ကာလတွင် ကော်မတီဝင်များ အလွန်ဆင်းရဲနေခြင်းတို့ကြောင့် နယ်ဆင်းလေ့လာရေး မှာ အခက်အခဲများစွာရှိသည်။ ထို့ကြောင့် ဤ ၂၀၁၅ ခုနှစ်၊၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ကော်မတီဝင်တို့ လွှတ်တော်ပိတ်ချိန် ကိုယ့်ပြည်နယ် ကိုယ့်ဒေသမှာ ကွင်းဆင်း လေ့လာပြီး လွှတ်တော်ပြန်ဖွင့်သည့်အခါ ကော်မတီတွင် ပြန်လည်တင်ပြ ဆွေးနွေးကြ ရန်ချမှတ်ခဲ့ရသည်။

**ကော်မတီ၏ကွင်းဆင်းလေ့လာခြင်း**

၂၄။ (က) ၂၂-၄-၂၀၁၅ ရက်နေ့ မှ ၈-၅-၂၀၁၅ ရက်နေ့အတွင်း ကော်မတီဝင် ဦးဇော်နိုင်ဦး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)သည် ဘီးလင်း

မြို့နယ်နှင့်ကျိုက်ထိုမြို့နယ်များသို့ ကွင်းဆင်းလေ့လာပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စပ်လျဉ်းသောကိစ္စများကို ဆောင်ရွက်ခဲ့သည်။

(ခ) ၂၂-၄-၂၀၁၅ ရက်နေ့မှ ၈-၅-၂၀၁၅ ရက်နေ့အတွင်း ကော်မတီဝင် ဦးစောအောင်ကျော်နိုင် (ခ)ရှားဘူးဖော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကရင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၁)သည် ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်နှင့် မြဝတီမြို့နယ်များသို့ ကွင်းဆင်းလေ့လာပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စပ်လျဉ်း သောကိစ္စများကို ဆောင်ရွက်ခဲ့သည်။

(ဂ) ၂၆-၄-၂၀၁၅ ရက်နေ့မှ ၈-၅-၂၀၁၅ ရက်နေ့အတွင်း ကော်မတီဝင် ဦးစောသန်းထွန်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄)သည် လှိုင်းဘွဲ့မြို့နယ်နှင့် မြဝတီမြို့နယ်ကို ကွင်းဆင်းလေ့လာပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စပ်လျဉ်းသောကိစ္စများကို ဆောင်ရွက်ခဲ့သည်။

(ဃ) ၁၅-၄-၂၀၁၅ ရက်နေ့မှ ၂၆-၄-၂၀၁၅ ရက်နေ့အတွင်း ကော်မတီဝင် ဦးဟာရှိန်းဘွေ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ချင်းပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၈)သည် ချင်းပြည်နယ်သို့ ကွင်းဆင်းလေ့လာပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စပ်လျဉ်းသော ကိစ္စများကို ဆောင်ရွက်ခဲ့သည်။

(င) ၂၂-၄-၂၀၁၅ ရက်နေ့မှ ၇-၅-၂၀၁၅ ရက်နေ့အတွင်း ကော်မတီဝင် ဦးဆားရယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၆)သည် ကယားပြည်နယ်သို့ ကွင်းဆင်းလေ့လာပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့်စပ်လျဉ်းသော ကိစ္စများကို ဆောင်ရွက်ခဲ့သည်။

**လေ့လာတွေ့ရှိချက်**

၂၅။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီက ဦးဆောင် ဝန်ကြီးဌာန (Focal Ministry)နှင့် ဆက်စပ်ဝန်ကြီးဌာနများ အားလုံးတို့နှင့် ညှိနှိုင်းဆွေးနွေး ခွင့်ရသောကြောင့် ဝန်ကြီးဌာနများနှင့် လုပ်ငန်းအကောင်အထည်ဖော်ရာမှာ ကော်မတီဝင်တို့က များစွာလေ့လာသိရှိနိုင်ခဲ့ပြီး ဝိုင်းဝန်းအကြံပေးထိန်းကျောင်းနိုင်သည့် အခြေအနေဖြစ်ခဲ့သည်။ ကော်မတီဝင်များ မိမိတို့ဒေသအလိုက် ကျေးလက်လူမှုစီးပွားဘဝ တိုးတက်ရာတိုးတက်ကြောင်း လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ရေရရှိရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးစသည့်တို့ကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတိုးသုံးစွဲရန်ဝန်ကြီးဌာနကို တိုက်တွန်းနိုင်ခဲ့သည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတစ်ခုတည်းတွင် ရန်ပုံငွေ(၂၀၂) ဘီလီယံကျော် တိုးမြှင့်အသုံးပြုရန် တိုက်တွန်းနိုင်ခဲ့သည်။ ဆင်းရဲမှုလျှော့ချရေးမှာ ပညာရေးနှင့် ကျန်းမာရေးကုန်ကျစရိတ်သည် များစွာအကျိုးသက်ရောက်မှုရှိ၍ အခမဲ့ပညာရေးနှင့် အခမဲ့ဆေးကုသမှု တိုးတက်ရေး၊ တောင်သူလယ်သမားများ ချေးငွေတိုးတက်လာရေး၊ ကမ်းရိုးတန်းဒေသငါးဖမ်းလုပ်ငန်းလုပ်နေကြသော ဆင်းရဲသားများ ထောက်ပံ့ကြေးကိစ္စ၊ သမဝါယမချေးငွေများတောင်သူလယ်သမားများ၊ ဆင်းရဲသားများ ချေးယူနိုင်ရန် ညှိနှိုင်းအကြံပေးနိုင်ခဲ့သည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှာလည်း

အောက်ခြေတွင် ပြည်သူနှင့်လွှတ်တော် ဆွေးနွေးညှိနှိုင်းမှုရှိလာခြင်း၊ ဝန်ကြီးဌာနများနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခဲ့သည့်အတွက် ကျေးလက်ပြည်သူတို့၏ လိုအပ်ချက်များကို သိရှိနားလည်ပြီး ကော်မတီမှတစ်ဆင့် လွှတ်တော်နှင့်အစိုးရ ကိုတင်ပြနိုင်ခြင်း များစွာအကျိုးရှိခဲ့သည်။ ဒေသအတွင်းဆောင်ရွက်ဆဲဆောင်ရွက်ရန် ဖွံ့ဖြိုးရေး လုပ်ငန်းများကို လေ့လာအကြံပေးနိုင်၍ လုပ်ငန်းပို၍ အဆင်ပြေစေပါသည်။

**အားနည်းချက်များ**

၂၆။ (က) ကော်မတီသည် တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများသို့ လွှမ်းခြုံမှု မပြုနိုင်သေးပါ၊

(ခ) ကျေးလက်ဒေသများသို့ အချိန်မီကွင်းဆင်းနိုင်ရန် အချိန်၊ ငွေ၊ အင်အား မရရှိနိုင်သေးခြင်း၊

(ဂ) အဖွဲ့ဝင်များသည် ကျေးလက်ဒေသများသို့ အမှန်တကယ် ကွင်းဆင်းနိုင်သူဖြစ်ရန်လိုအပ်ခြင်း။

**အကြံပြုချက်များ**

၂၇။ (က) တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရန်အတွက် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်တစ်ခုလျှင် လွှတ်တော်ကိုယ်စားလှယ်အနည်းဆုံးတစ်ဦးစီ ကော်မတီဝင်ဖြစ်ရန်၊

(ခ) နီးစပ်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကိုယ်စားလှယ်(၃)ဦး (သို့မဟုတ်) (၅)ဦးဖြင့် အဖွဲ့ငယ်များဖွဲ့၍ ယင်းတို့နှင့်သက်ဆိုင်သော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တို့တွင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာသင့်သည်။

(ဂ) ကော်မတီမှဖွဲ့ပေးသော အဖွဲ့ငယ်အလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ နယ်ဆင်းလေ့လာတွေ့ရှိချက်တို့ကို လွှတ်တော်ပြန်ဖွင့်သောအခါ ကော်မတီအစည်းအဝေးမှာ တင်ပြဆွေးနွေးညှိနှိုင်းပြီး လွှတ်တော်ကိုတင်သင့်သည့် အစီရင်ခံစာကိုတင်ခြင်း လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ကို တိုက်ရိုက်ဆွေးနွေး ညှိနှိုင်းခြင်းတို့ကို လုပ်သင့်သည်။

(ဃ) ကော်မတီတာဝန်ပေးချက်အရ လည်းကောင်း၊ လွှတ်တော်တာဝန်ပေးချက် အရလည်းကောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့နှင့် ပတ်သက်သော အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲ စသည့်တို့ကို တက်ရောက်လျှင် ကော်မတီမှာပြန်လည်အစီရင်ခံရန်၊

(င) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအရပ်ဘက် အဖွဲ့အစည်း (NGO)၊ (INGO) များနှင့် ထဲထဲဝင်ဝင် ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်သင့်သည်။

(စ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ လုပ်ငန်းများသည် ကျယ်ပြန့်နက်နဲပါသဖြင့် ကော်မတီကို အကြံပေးအထောက်အကူပြုရန် ပညာရှင်များကိုလည်း လွှတ်တော်မှ ခန့်အပ်ပေးသင့်သည်။

(ဆ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းနှင့် ပတ်သက်၍ ယခုလက်ရှိအခြေအနေ

ထက် အစိုးရအပေါ် တွန်းအားပေးခြင်း၊ အကြံပြုခြင်း၊ အားပေးခြင်း၊ ထိန်းကျောင်းခြင်းတို့ကိုပိုမို ဆောင်ရွက်သင့်သည်။

(ဇ) စီမံကိန်းနှင့် ရသုံးငွေစာရင်းရေးဆွဲရာမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးတွင် ပို၍ဦးစားပေးရန်နှင့် ပေးထားပြီးသော ကတိကဝတ်များကို အပြည့်အဝဆောင်ရွက်မှု ရှိ/မရှိ ကို စိစစ်ရန်၊

(ဈ) ကော်မတီဝင်များ၊ ဝန်ထမ်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းပြီး လေ့လာသင့်သော ပြည်ပနိုင်ငံသို့ သွားရောက်လေ့လာသင့်သည်။

**နိဂုံး**

၂၈။ ကျွန်ုပ်တို့နိုင်ငံမှာ ကျေးလက်ဒေသဖွံ့ဖြိုးပြီး ဆင်းရဲမှုပပျောက်ပါက နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လူနေမှုဘဝ ပြည့်စုံလုံလောက်မှုရှိသည်ဟု ယူဆရမည်ဖြစ်ပြီး တိုးတက်ချမ်းသာသော နိုင်ငံလည်းဖြစ်နိုင်မည်။ ထို့ကြောင့်လာမည့်လွှတ်တော်အဆက်ဆက်၊ အစိုးရအဆက်ဆက်မှာ လွှတ်တော်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီ၊ လွှတ်တော်၊ အစိုးရ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို တက်တက်ကြွကြွ ဆက်လက်ဆောင်ရွက်ပါရန် တိုက်တွန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ

**အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၁)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၁ )ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂ )ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။**　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက် နေ့ကို ၁၁း၂၉ နာရီအချိန်တွင် ရပ်နားပါသည်။]